# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၂၄)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

## (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို နံနက် ၁၀း၂၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၂၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီရှင်။

**မူကြမ်း**

# ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း

## ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၅၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၆၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၉ ရက်၊

(၂) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၂ ရက်၊

(၃) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၂ ရက်၊

(၄) ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ ခွင့် ၁ ရက်၊

(၅) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၂ ရက်၊

(၆) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမိုးကျော် ခွင့် ၂ ရက်၊

(၇) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၂ ရက်၊

(၈) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ(ခ)ဦးတင်ဌေးအောင် ခွင့် ၁ ရက်နှင့်

(၉) ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၁ ဦး၊ ယနေ့ခွင့်ပြုထားသူ ၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ကိုရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**နိုင်ငံတော်တွင် ကျူးကျော်နေထိုင်သူများအပါအဝင် များစွာသောပြည်သူတို့မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားသက်သေခံလက်မှတ် ထုတ်ပေးနိုင်ခြင်းမရှိသေးသဖြင့် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်၍ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျ။ ကျွန်တော့် အနေနဲ့ နိုင်ငံသားအားလုံး အိမ်ထောင်စု၊ လူဦးရေစာရင်းနဲ့ နိုင်ငံသားစိစစ်ရေး လက်မှတ်တွေရရှိဖို့အတွက် ရည်ရွယ်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ပထမအကြိမ် လွှတ်တော်အတွင်းမှာ ကျွန်တော် သုံး၊ လေးကြိမ်လောက် မေးခဲ့ပြီးပြီ ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ မိုးပွင့်(၁) ကနေ (၇)အထိ အထူးမိုးပွင့်များနှင့် နိုင်ငံသားများအတွက် ဆောင်ရွက် ပေးနေတာမှန်သော်လည်း မှတ်ပုံတင်မရတဲ့ နိုင်ငံသားများစွာကျန်ရှိနေပါတယ်။ အိမ်ထောင်စုလူဦးရေ စာရင်းနဲ့ နိုင်ငံသားစိစစ်ရေး ကတ်တွေမရတဲ့အတွက်ကြောင့် လူတွေဟာ လူ Without လိုဖြစ်ပြီးတော့မှ သူတို့ရဲ့ပညာသင်ကြားခွင့်၊ အလုပ်အကိုင်အခွင့်အလမ်း၊ မဲပေးခွင့်တွေမှာ အခွင့်အရေးများ ဆုံးရှုံးနေ တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဝန်ကြီးဌာနအနေနဲ့လည်း အစွမ်းကုန်ဖြေလျှော့ ပြီးတော့ ဆောင်ရွက်ပေးတာကိုတွေ့ရပါတယ်။ သို့သော် လက်ရှိတည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအရ မဆောင်ရွက်နိုင်တဲ့လုပ်ငန်းတွေလည်း ကျန်ရှိနေတာကို တွေ့ရပါတယ်။ ယနေ့ နိုင်ငံတော်မှာ ကျူးကျော်နေထိုင်တဲ့သူတွေအပါအဝင် ပြည်သူတွေရဲ့ အိမ်ထောင်စုလူဦးရေစာရင်းနဲ့ သန်းခေါင်စာရင်းရရှိဖို့အတွက် လိုအပ်နေပါတယ်။ ဒါကြောင့် ကျွန်တော် မေးလိုတဲ့မေးခွန်း (၁) နိုင်ငံသားအားလုံးကို ထုတ်ပေးဖို့ ဘယ်လိုစီမံထားရှိပါသလဲ။ (၂) မိုးပွင့်(၁)မှ မိုးပွင့်(၇)အထိ အထူး မိုးပွင့်တွေ လုပ်သော်ငြားလည်း နိုင်ငံသားများရဲ့လိုအပ်ချက် အပြည့်အဝမရရှိသေးတဲ့အတွက်ကြောင့်

ဥပဒေ၊ နည်းဥပဒေတွေပြင်ဆင်ပြီးတော့ ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိပါသလား။ ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည် တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ နိုင်ငံတော်အတွင်းရှိ နေရာဒေသအသီးသီး တို့တွင် ကျူးကျော်နေထိုင်သူများအဖြစ် ရပ်တည်နေကြရသော ပြည်သူများအပါအဝင် နိုင်ငံသား များအတွက် နိုင်ငံသားမှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းရရှိရေး ဖြေလျှော့ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်မှ ပြန်လည်ရှင်းလင်းဖြေကြားသွား မှာဖြစ်ပါတယ်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ စိစစ်ချက်များအရ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ်များအနက် ရန်ကုန်တိုင်းဒေသကြီးမှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိဘဲ ရွှေ့ပြောင်းနေထိုင်ကြသည့်ပြည်သူများ အများဆုံးရှိနေကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ အထူးသဖြင့် ရွှေပြည်သာ၊ ထန်းတပင်၊ တိုက်ကြီး၊ လှည်းကူး၊ ဒဂုံအရှေ့၊ ဒဂုံမြောက်၊ ဒဂုံတောင်၊ ဒလ၊ ကွမ်းခြံကုန်း၊ တွံတေး၊ သုံးခွ၊ ကော့မှူး၊ ကျောက်တန်း၊ သာကေတ၊ ဒေါပုံ၊ မြောက်ဥက္ကလာပ စတဲ့မြို့နယ်အသီးသီးတို့မှာ အခြားဒေသအသီးသီးတို့မှ ရွှေ့ပြောင်းဝင်ရောက်ပြီး တော့မှာ အခြေချအလုပ်လာရောက်လုပ်ကိုင်နေကြသော ရွှေ့လျားမိသားစုများစွာရှိနေတာ တွေ့ရမှာ ဖြစ်ပါတယ်။

ထို့ကြောင့်လည်းပဲ ရန်ကုန်တိုင်းဒေသကြီးဦးစီးဌာနမှူးဟာ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့နှင့် စက်တင်ဘာလ ၂၈ ရက်နေ့များမှာ ရွှေပြည်သာမြို့နယ်အတွင်းမှာရှိကြသော ပြည်သူလူထု များနှင့်တွေ့ဆုံပြီးတော့မှ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးတို့အတွက်

ဆောင်ရွက်ရမည့်အချက်များအား ရှင်းလင်းဆွေးနွေးခြင်း၊ ရွှေ့ပြောင်းပြည်သူများ၏ အခြေအနေများကို လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ လေ့လာတွေ့ရှိချက်များအရ ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးမှာ အိမ်ထောင်စုဦးရေစာရင်းမရှိဘဲ လာရောက်နေထိုင်သူပေါင်း ခန့်မှန်းခြေအားဖြင့် အိမ်ထောင်စု ၃၇၇၈၃ စုနှင့် လူဦးရေပေါင်း ၁၆၅၄၃၇ ဦးရှိကြောင်း တွေ့ရှိရတဲ့အတွက်ကြောင့်မို့လို့ တည်ဆဲဥပဒေနှင့် နည်းဥပဒေများဖြစ်သော ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေနှင့် ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေတို့နှင့်အညီ စိစစ်ဆောင်ရွက်ပေးခဲ့တဲ့အခါမှာ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အိမ်ထောင်စုပေါင်း ၇၆၇၀ စုနှင့် လူဦးရေပေါင်း ၃၁၆၁၉ ဦးတို့အား အိမ်ထောင်စုဦးရေစာရင်း ထုတ်ပေးနိုင်ခဲ့ပါတယ်။

သို့သော်လည်းပဲ ရွှေ့ပြောင်းနေထိုင်သူအများစုဟာ မိမိဌာနအနေဖြင့် စိစစ်ဆောင်ရွက်ပေးရန်လိုအပ်သောရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ အချက်အလက်များနှင့် ကိုယ်ရေးအချက်အလက်များအား ပြည့်စုံမှန်ကန်စွာပေးအပ်နိုင်မှုမရှိခြင်း၊ လက်ရှိနေထိုင်ရာဒေသမှာ အမြဲနေထိုင်ကြောင်း အထောက်အထားမရှိခြင်း၊ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများကလည်း အမြဲနေထိုင်ကြောင်း ထောက်ခံနိုင်မှုမရှိခြင်း၊ ခွင့်ပြုချက်မရရှိသောနေရာများမှာ ဝင်ရောက်ကျူးကျော် နေထိုင်သူများဖြစ်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းရှိရာနေရာများသို့ မကြာခဏ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်၍ နေထိုင်ကြခြင်းစတဲ့ အခြေအနေအမျိုးမျိုးတို့ကြောင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးနိုင်ရေးအတွက် အိမ်ထောင်စုအလိုက် လူဦးရေစာရင်း ကောက်ယူပြုစုရန်ကိုပင် မှန်ကန်စွာဆောင်ရွက်နိုင်ခြင်းမရှိဘဲ အခက်အခဲများနှင့် တွေ့ကြုံလျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းသို့ တစ်နေရာထဲမှာ အခြေချနေထိုင်ခြင်းမရှိဘဲ ရွှေ့ပြောင်းသွားလာနေသူပေါင်းမှာ မြန်မာတစ်နိုင်ငံလုံးအနေဖြင့် ခန့်မှန်းခြေစာရင်းအရ ၁၁၆၂၅၀၀ ဦးခန့်ရှိနေသဖြင့် ယင်းကဲ့သို့ နိုင်ငံအတွင်း ရွှေ့ပြောင်းသွားလာပြီး ရောက်ရှိသည့်ဒေသတွင် အခြေချနေထိုင်သူများ၊ ကျူးကျော်နေထိုင်သူများနှင့် ပျံ့ကျဲနေထိုင်သူများအတွက် မိမိဝန်ကြီးတစ်ခုတည်းဖြင့် ဆောင်ရွက်ပေးရန်မလွယ်ကူဘဲ အခြားဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များပါ ပါဝင်ပြီးတော့မှ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်၏ ပထမမေးခွန်းဖြစ်သော နိုင်ငံသားအားလုံးသို့ ထုတ်ပေးနိုင်ရေး မည်သို့စီမံထားပါသလဲဟု မေးမြန်းမှုနှင့်ပတ်သက်၍ လက်ရှိ

**မူကြမ်း**

တွင် မိမိဝန်ကြီးဌာနအနေဖြင့် ယင်းသို့ ရွှေ့ပြောင်းသွားလာနေထိုင်သူများ၏ အိမ်ထောင်စုအလိုက် လူဦးရေစာရင်းများအား အနီးစပ်ဆုံးရရှိနိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယခင်နေထိုင်ခဲ့သော မြို့နယ်များတွင် စာရင်းရှိ/မရှိစိစစ်ခြင်း၊ မှန်ကန်ပါက ထိုစာရင်းကိုပယ်ဖျက်၍ အမြဲအခြေချနေထိုင်မည့်မြို့နယ်များမှာ အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးပြီးပါက မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း စတဲ့လုပ်ငန်းများအား တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အတတ်နိုင်ဆုံး ဆက်လက်စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းဖြစ်သော မိုးပွင့် (၁) မှ (၇) အထိ အထူးမိုးပွင့်စီမံချက်များ ပြုလုပ်ပါသော်လည်း နိုင်ငံသားများ လိုအပ်ချက်အပြည့်အဝမရရှိသေးသဖြင့် ဥပဒေ၊ နည်းဥပဒေပြင်ဆင်၍ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါသလားဟု မေးမြန်းမှုနှင့်ပတ်သက်၍ မိမိဝန်ကြီးဌာနမှ အိမ်ထောင်စုဦးရေစာရင်း ထုတ်ပေးနိုင်ရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများဖြစ်သော ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေနှင့် ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေများအရလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံသားဥပဒေဖြင့်လည်းကောင်း၊ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာမှာ တွေ့ကြုံရသောအခက်အခဲများမှာ ဥပဒေ၊ နည်းဥပဒေများကြောင့်မဟုတ်ဘဲ အတည်တကျ နေထိုင်ခြင်းမရှိဘဲ မကြာခဏရွှေ့ပြောင်းနေထိုင်ခြင်းနှင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထားများ တင်ပြနိုင်မှုအခြေအနေများအပေါ် မူတည်၍ ခက်ခဲနေခြင်းသာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လက်ရှိကျင့်သုံးနေသောဥပဒေ၊ နည်းဥပဒေများအား ပြင်ဆင်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ကျွန်တော့်ကို ဖြည့်စွက်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျာ။ ဒုတိယဝန်ကြီးအနေနဲ့ တင်ပြသွားတဲ့ ဝန်ကြီးဌာနလုပ်ငန်းအားလုံးဟာလည်း မှန်ကန်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့လည်း အားကြိုးမာန်တက်နဲ့ ဆောင်ရွက်ပေးတယ်ဆိုတာ ကျွန်တော်တို့ မျက်မြင်ဖြစ်ပါတယ်။ ဒီ ဝန်ကြီးဌာနနဲ့ပတ်သက်လို့ ကျွန်တော်တို့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီနဲ့လည်း ပတ်သက်နေတဲ့အတွက်ကြောင့် အချိန်ပေါင်းများစွာ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယနေ့

ကျွန်တော်တို့ ဖြစ်နေတဲ့အပိုင်းက သုံးပိုင်းပါ။ (၁)ကတော့ ယနေ့ NCA လက်မှတ်ထိုးပြီးတော့ နယ်စပ်ဒေသမှာရှိနေတဲ့ ယခင်လက်နက်ကိုင်တိုင်းရင်းသားများ သူတို့လည်း မှတ်ပုံတင်၊ သန်းခေါင်စာရင်းလိုချင်ပါတယ်။ သူတို့အတွက်လည်း ဝန်ကြီးဌာနကနေပြီးတော့ လုပ်ပေးနေတယ်လို့ သိရပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ အမြန်ဆုံးကူညီဆောင်ရွက်ပေးဖို့လိုမှာဖြစ်ပါတယ်။ (၂)ကတော့ ကျူးကျော်များဖြစ်ပါတယ်။ ကျူးကျော်များနှင့်ပတ်သက်လို့ ကျူးကျော်များဟာ ယနေ့ သူတို့မှာ ဘာသက်သေခံလက်မှတ်မှမရှိဘူးဖြစ်ပါတယ်။ တကယ်တော့ သူတို့မှာ အရင်တုန်းက သုံးခေါက်ချိုးတို့၊ ဘာတို့ ကိုင်ခဲ့တာလည်း မှန်ကန်ပါတယ်။ ဝန်ကြီးဌာနရဲ့လက်ရှိဥပဒေအရ ဒါကို ပြန်လုပ်ဖို့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကို သွားပြီးတော့ (နိုင်-၂)တို့၊ ပုံစံ(၆၆)တို့ သွားထုတ်ခိုင်းပါတယ်။ ထုတ်တဲ့အခါကျတော့ ပေးရမယ့်အချိန်၊ သွားရမယ့်ခရီးစရိတ်၊ တည်းခိုဖို့ အခက်အခဲများစွာရှိကြပါတယ်။ ရှိကြတော့ ပြည်သူလူထုဘက်ကလည်း မှတ်ပုံတင်ရှိလားလို့မေးရင် မရှိဘူးလို့ လွယ်လွယ်ကူကူပဲဖြေလိုက်ပါတယ်။ အဟောင်းမှာရှိတဲ့ နံပါတ်သိလားလို့မေးရင်လည်း မသိဘူးလို့ဖြေပါတယ်။ ဒါဟာ လက်ရှိဥပဒေအရ လဝက ဘက်ကမေးတာလည်း မှန်ပါတယ်။ အဲဒီတော့ ဒီလိုဖြစ်နေတဲ့အနေအထားမှာ ကျွန်တော်တို့ ဝန်ကြီးဌာနဘက်ကနေပြီးတော့ မြို့နယ်တစ်မြို့နယ်ကို တယ်လီဖုန်းပြောဆိုခွင့် တစ်လမှာ ၁၈၀၀၀/- ခွင့်ပြုပါတယ်။ ပြီးခဲ့တဲ့နှစ်က ဆွေးနွေးတဲ့အတွက်ကြောင့် ယနေ့ တယ်လီဖုန်းပြောဆိုခွင့်ငွေကို ပိုပြီးတော့ တိုးမြှင့်ပေးလိုက်ပါတယ်။ ရည်ရွယ်ချက်ကတော့ အဲဒီလူကိုမလွှတ်ဘဲနဲ့ Fax ဆက်သွယ်ပြီးတော့ သက်ဆိုင်ရာမြို့နယ်ကို လူကိုယ်တိုင်မသွားဘဲနဲ့ ဝန်ကြီးဌာနက တာဝန်ယူပြီးတော့ ဆောင်ရွက်ပေးတဲ့အပိုင်းဖြစ်ပါတယ်။ ဒါကိုလည်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ပေးမယ်ဆိုရင် အများကြီးအောင်မြင်လာနိုင်ပါတယ်။ တတိယအချက်ကတော့ ဒါနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနဘက်က ဖြေလျှော့ပေးတဲ့ ဥပဒေတွေများသော်ငြားလည်း ပြည်သူလူထုဘက်ကလည်း နေ့စဉ်ခေါ်နေတဲ့အတွက်ကြောင့် သူတို့ တစ်နေ့လုပ်မှ တစ်နေ့စားရတော့ သူတို့မသွားနိုင်ကြပါဘူး။ အများအားဖြင့် မှတ်ပုံတင်မရှိတဲ့လူတွေ အတော်များများက လက်လုပ်လက်စားများဖြစ်ပါတယ်။ ဒါကြောင့် သူတို့ တစ်ရက်၊ နှစ်ရက်၊ သုံးရက် ခေါ်တဲ့အခါကျတော့ သူတို့မရှိရင်လည်းနေဆိုပြီးတော့ နေတဲ့အခါမှာ ယနေ့ နိုင်ငံတော်မှာ မှတ်ပုံတင်မကိုင်ဘဲနဲ့နေတဲ့လူတွေ ပိုပြီးတော့ များလာပါတယ်။ ဒါကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ ဝန်ကြီးဌာနအနေနဲ့ အလေးထားပြီးတော့မှ အခုထက်ပိုပြီးတော့ အစီအမံတွေ ပြုလုပ်ဖို့လိုမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် မေးချင်တဲ့မေးခွန်းက အဲဒီလိုဖြစ်နေတဲ့လူတွေကို တရားဝင်

မှတ်ပုံတင် မပေးနိုင်သေးတောင်မှ သက်သေခံလက်မှတ်တစ်ခု ထုတ်ပေးဖို့အစီအစဉ်ရှိပါသလား။ ကျေးဇူးတင်ပါတယ်။

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အခုနက ဦးတင်မောင်ဦး တင်ပြတဲ့အချက်နဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ လက်ရှိအားဖြင့်တော့ ဒီမှတ်ပုံတင်နဲ့ပတ်သက်ပြီး အလွယ်တကူ ရရှိနိုင်အောင်အတွက်ကို စာသင်ကျောင်းများမှာလည်းပဲ (၁၀)နှစ်အထက် မှတ်ပုံတင်ကိစ္စနဲ့ပတ်သက်ပြီးတော့မှ စီမံချက်ချပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအားဖြင့်တော့ ကျွန်တော် ဒီမှာ Data အလွတ်မပါလာလို့ပါ။ အားလုံးပေါင်း ၁၀ သိန်းကျော်လောက်ရှိတဲ့အထဲမှာတော့ ခုနစ်သိန်းလောက်တော့ ဆောင်ရွက်ပြီးဖြစ်ကြောင်း ကျွန်တော်တို့က ဒါစာရင်းဇယားအရ အကြမ်းဖျင်းလေးပဲ တင်ပြပါရစေခင်ဗျာ။ နောက်ပြီးတော့မှ အခုနကပြောတဲ့ NCA နဲ့ပတ်သက်ပြီးတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအတွက်လည်း ကျွန်တော်တို့ ဒါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဟိုဘက်နိုင်ငံသားအဖြစ် မခံထားဘူးဆိုလို့ရှိရင် တိုင်းရင်းသား (၁၃၅)မျိုးမှာပါနေတဲ့ မျိုးနွယ်တွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ သက်ဆိုင်ရာပြည်နယ်တွေမှာလည်းပဲ ဖြေလျော့တဲ့နည်းနဲ့ အများကြီးဆောင်ရွက်ပေးနေတာလည်းရှိကြောင်း တင်ပြလိုပါတယ်။ နောက်တစ်ချက်ကတော့ သတ်မှတ်ထားတဲ့ အထောက်အထားတစ်ခုခုနဲ့ပတ်သက်ပြီးတော့ ပေးဖို့ဆိုတာတော့ ဒါကျွန်တော်တို့ကနေပြီးတော့မှ အထက်ဌာနကို သက်ဆိုင်ရာအစိုးရအဖွဲ့ကို ပြန်တင်ပြပြီးတော့မှ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လောလောဆယ်တော့ ကျွန်တော်တို့က ဥပဒေ၊ နည်းဥပဒေတွေမှာလည်းပဲ မှတ်ပုံတင်ပေးတာနဲ့ပတ်သက်ပြီးတော့မှ ကျန်တဲ့ သီးခြားအထောက်အထားပေးဖို့ဆိုတာတော့ ကျွန်တော်တို့က မြန်မာနိုင်ငံသားအနေနဲ့ပတ်သက်ပြီးတော့မှ မရှိတဲ့အတွက်ကြောင့်မို့လို့ ဒီမှာတော့ ချက်ချင်း ပြန်လည်ရှင်းလင်းတင်ပြနိုင်ခြင်းမရှိကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**လက်ပံတန်းမြို့နယ်၊ လက်ပံတန်း-ရေကန်-ခမုံဆိပ် မြေသားလမ်းအား ၂၀၁၅-၂၀၁၆ ဖြည့်စွက်ဘတ်ဂျက်တွင် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်းရှိ/မရှိနှင့် ၎င်းလမ်းပေါ်ရှိ သစ်သားတံတား(၂)စင်းကို အရေးပေါ်ပြင်ဆင်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က လက်ပံတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ပြီးခဲ့တဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ဘတ်ဂျက်မှာ လက်ပံတန်း-ရေကန်-ခမုံဆိပ်မြေသားလမ်းနှင့် အဲဒီလမ်းပေါ်မှာရှိတဲ့ တံတား နှစ်စင်းကို အရေးပေါ်ပြင်ဆင်ပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းရဲ့ ရည်ရွယ်ချက်ကတော့ ပြီးခဲ့တဲ့မိုးရာသီ ဇွန်နှင့်ဇူလိုင်လမှာ တစ်နိုင်ငံလုံးမိုးအဆက်မပြတ်ရွာသွန်းခဲ့လို့ ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ် ရေကြီး ရေလျှံမှုကြောင့် ကျွန်တော်တို့ လက်ပံတန်းမြို့မှာရှိတဲ့ မြစ်မခရေကာတာကို ကျိုးဖောက်စေခဲ့ပါတယ်။ ရေကာတာကျိုးပေါက်မှုကြောင့် လက်ပံတန်း-ကျုံလဟာ-သရပေါ မဟာဗျူဟာကားလမ်းနှင့် အဲဒီလမ်း ပေါ်မှာရှိတဲ့ တံတားအမှတ်(၄/၆) ဟာရေတိုက်စားမျောပါခဲ့ပြီးတော့ တံတားအမှတ်(၁/၆) နှင့် (၃/၇) တို့ဟာလည်းပဲ ကြမ်းခင်းများ၊ အုတ်ခုံများပျက်စီးခဲ့လို့ ဖြတ်သန်းသွားလို့မရအောင် ဖြစ်ခဲ့ပါတယ်။ ထို့အတူပါပဲ လက်ပံတန်း-ခမုံ-သာရဝေါမီးရထားလမ်းကလည်းပဲ မြစ်ရေတိုက်စားခဲ့လို့ ကျောင်းအိုင် ဘူတာအလွန် တံတားအမှတ်(၁၅/၁၀၀) လုံးဝပျက်စီးသွားခဲ့ပါတယ်။ လက်ပံတန်း-ကျုံလဟာ-သရပေါ မဟာဗျူဟာကားလမ်းနှင့် လက်ပံတန်း-ခမုံ-သာရဝေါမီးရထားလမ်းများဟာ လက်ပံတန်းမြို့ အနောက် ခြမ်းတစ်ခုလုံး ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာပေါင်း ၁၁၀ နှင့် လူဦးရေရှစ်သောင်းကျော်က အဓိကမှီခိုအားထားနေရတဲ့ အဓိကလမ်းများဖြစ်ပါတယ်။ နောက်တတိယလမ်းကတော့ လက်ပံတန်း-ရေကန်-ခမုံဆိပ်မြေသားလမ်းဖြစ်ပါတယ်။ အဲဒီလမ်းကတော့ သစ်သားတံတားနှစ်စင်းသာ ပျက်စီးခဲ့တဲ့အတွက်ကြောင့် အနည်းဆုံးပျက်စီးမှု ဖြစ်ပါတယ်။ တင်ပြပါ သုံးလမ်းအနက်က လက်ပံတန်း-ကျုံလဟာ-သရပေါ ကားလမ်းနှင့် လက်ပံတန်း-ခမုံ-သာရဝေါမီးရထားလမ်းပေါ်မှာရှိတဲ့ တံတား များကို ပြင်ဆင်ဖို့ဆိုလို့ရှိရင် ကျွန်တော်တို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးငွေလုံးငွေရင်းရမှသာပြင်နိုင်မယ့် အခြေအနေရှိလို့ အချိန်များစွာ ကြန့်ကြာနိုင်တဲ့အတွက် အပျက်အစီးနည်းပါးတဲ့ လက်ပံတန်း-ရေကန်-ခမုံဆိပ်မြေသားလမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဖြည့်စွက်ဘတ်ဂျက် (RE) မှာ အရေးပေါ် ကျောက်ချောလမ်း သို့မဟုတ် ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်ပေးပြီးတော့ ၎င်းလမ်းပေါ်မှာရှိတဲ့ ပျက်စီးသွားတဲ့ တံတားနှစ်စင်းကိုလည်း လတ်တလောပြင်ဆင်ပေးနိုင်ခြင်းရှိ/မရှိကို ဒုတိယဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ။** ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနှင့် ကြွရောက်လာသော ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး တင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ် လက်ပံတန်း-ရေကန်-ခမုံဆိပ်လမ်းဟာ ကျွန်တော်တို့ မိုင်အားဖြင့် ၇ မိုင်နဲ့ ၄ ဖာလုံရှိပါတယ်။ အဲဒီထဲမှာ ၂ မိုင်နဲ့ ၂ ဖာလုံကတော့ ဂဝံလမ်းခင်းပြီးဖြစ်တဲ့အတွက်ကြောင့် ကျန်တဲ့ ၅ မိုင်နဲ့ ၅ ဖာလုံကတော့ မြေသားလမ်းဖြစ်ပါတယ်။ အဆိုပါ ၇ မိုင်နဲ့ ၄ ဖာလုံကို ကျောက်ချောလမ်းခင်းရန်အတွက်ဆိုလို့ရှိရင် ခန့်မှန်းကုန်ကျငွေ ၇၂၂.၈၅ သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။ အဆိုပါလမ်းဟာ ၇ မိုင်နဲ့ ၄ ဖာလုံကို ကျောက်ချောလမ်းခင်းလို့ရှိရင် အထက်လမ်းဖြစ်တဲ့အတွက်ကြောင့် သောက်ရေရိုးတံတားတစ်စင်း အဲဒီမှာပါပါတယ်။

နောက်တစ်ခါ ခုနတင်ပြထားတဲ့အတိုင်း ကြခတ်ရိုးတံတားနှင့် တံတားနှစ်စင်း အဲဒီလမ်းမပေါ်မှာ ပါပါတယ်ခင်ဗျား။ စုစုပေါင်းတံတားအပါအဝင်ဆိုရင် ၇၈၂.၈၅ သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း ၅၄၉၃.၇၇၃ သန်း လမ်းတံတားများနှင့် ပတ်သက်လို့ ခွင့်ပြုထားတာရှိပါတယ်။ လက်ပံတန်းမြို့နယ် အချုပ် အနေနဲ့တင်ပြရရင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ၃၅၀.၃၃၃ သန်းဖြင့် မြေသားလမ်း ၅ မိုင် ၂ ဖာလုံ၊ သစ်သားတံတား ၄၂၅ ပေနှင့် Box Culvert (၂၅)ပေဆောင်ရွက်ထားရန် ခွင့်ပြုထားပြီးဖြစ်ပါတယ်။ အခု ကိုယ်စားလှယ် တော်ကြီး မေးမြန်းထားတဲ့ လက်ပံတန်းမြို့နယ်အတွင်းမှာရှိတဲ့ လက်ပံတန်း-ရေကန်-ခမုံဆိပ် လမ်းနှင့်တံတားလုပ်ငန်းများကို

၂၀၁၅-၂၀၁၆ ဖြည့်စွက်ရန်ပုံငွေမှာ လျာထားမရှိကြောင်း တင်ပြအပ်ပါ တယ်ခင်ဗျား။ သို့သော်လည်း ၂၀၁၆-၂၀၁၇ လာမယ့် ဘဏ္ဍာရေးနှစ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်မင်း တင်ပြတဲ့ မှော်ဝင်း သရက်ချောင်း ယခင်ကတော့ အောင်စိုးမိုးလမ်းပေါ့။ အဲဒီလမ်းကို ကျွန်တော်တို့ ၂ မိုင်၂ ဖာလုံ ထည့်ထားပါတယ်။ လာမယ့်ဘတ်ဂျက်မှာ ၂၀၁၆-၂၀၁၇။ မင်းလမ်း-ညောင်ဝိုင်းလမ်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်းရဲ့တင်ပြချက်ကတော့ လျာထားတင်ပြထားပါတယ်။ နောက်တစ်ခါ ဂရန်ရွာသစ်ညောင်ဝိုင်းမြေသားလမ်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားတဲ့ အပိုင်းကို ပြင်ဆင်ဖို့ ထည့်ထားပါတယ်။ တံတားပိုင်းမှာဆိုလို့ရှိရင် ပန်းပင်ကုန်း-ကျောင်းကုန်းလမ်း ပေါ်မှာရှိတဲ့ Box Culvert ထည့်ထားပါတယ်။ မြေစည်းအုပ်စု၊ ထောက်ကြံ့ကွင်းတံတားလမ်း အဲဒီ လမ်းပေါ်မှာရှိတဲ့တံတား ကျွန်တော်တို့ ထည့်ထားပါတယ်။ သစ်သားတံတားဖြစ်ပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ ခမုံ-ညောင်စုလမ်းပေါ်မှာရှိတဲ့ သောက်ရေရိုး တံတား၊ နောက်ခမုံ ညောင်စုလမ်းမမှာရှိတဲ့ ပေ ၄၀ ရှိတဲ့ ကြခတ်ရိုးတံတား ဒါတွေလည်း သဘာဝ ဘေးအန္တရာယ်ကြောင့်ပျက်စီးတဲ့အတွက် ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဘီးလင်း၊ စဥ့်ကူးရွာ Box Culvert ထည့်ထားပါတယ်။ ကျွန်တော်တို့ စုစုပေါင်းသန်းပေါင်း ၃၂၄.၉၉ သန်း လျာထားတင်ပြထားပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကလေးဝမြို့နယ်ရှိ လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများအား ဆိုလာမီးများရရှိရေးတင်ပြချက်အပေါ် ဆောင်ရွက်ထားမှုအခြေအနေကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးသိမ်း(ကလေးဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး နှင့်ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးခွင့်ရတဲ့အတွက် မေးခွင့်ပြုတဲ့ပုဂ္ဂိုလ် အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီလိုမေးရခြင်းအကြောင်းကလည်း ကျွန်တော်တို့ ကလေးဝ မြို့မှာ ယခင်က ကျောက်မီးသွေးဓာတ်အားပေးစက်ရုံဆောက်မယ်ဆိုတဲ့ စီမံကိန်းတွေ နောက်တစ်ခါ မော်လိုက်

မြို့နယ်ကို မဟာဓာတ်အားလိုင်းကနေ မီးပေးမယ်ဆိုတဲ့ မီးကြိုးတွေ ဓာတ်အားပေးတဲ့လိုင်းကို ကျွန်တော်တို့က ကလေးဝကနေသွယ်ပါဆိုတဲ့ ဒါအကြံပြုချက်တွေ မအောင်မြင်ခဲ့တဲ့အတွက် အခုဒီမှာ ကျေးရွာမှာ ကလေးဝမြို့နယ်က ကျေးရွာအုပ်စုပေါင်း ၃၆ အုပ်စု၊ ကျေးရွာပေါင်း ၁၂၅ ရွာ၊ အိမ်ထောင်စုပေါင်းက ၉၅၉၆၊ လူဦးရေပေါင်းက ၄၇၈၈၄ ဦးရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ကလေးဝမြို့နယ်ရဲ့ အနေအထားကလည်း ချင်းတွင်းမြစ်နှင့် ကလေးဝမြစ်သာမြစ်တို့ရဲ့အဆုံမှာ၊ ချင်းတွင်းမြစ်ရဲ့ အနောက်ဘက်ကမ်းမှာ တည်ရှိခဲ့တဲ့မြို့ဖြစ်ပါတယ်။ အခုရရှိနေတဲ့မီးကလည်း မြို့တစ်မြို့တည်းအတွက် ပဲမီးရရှိပါတယ်။ အခု မဟာဓာတ်အားလိုင်းဝင်လာလို့ရှိရင် ကျွန်တော်တို့က ချင်းတွင်းမြစ်အရှေ့ဘက်မှာ အများဆုံးကျေးရွာ အုပ်စု ၃၀ ကျော်ရှိနေတဲ့ ကျေးရွာတွေလည်းရမယ်။ ကျောက်မီးသွေးမီးစက်တွေ လျှပ်စစ်မီးပေးရင်လည်း ကျွန်တော်တို့ရမယ်ဆိုပြီး မျှော်လင့်ချက်နဲ့နေခဲ့တဲ့အချိန်ကစပြီး အခုတော့ လျှပ်စစ်ကျောက်မီးသွေးစက်ရုံကလည်း မလည်သေး၊ မဟာဓာတ်အားလိုင်းကလည်း မော်လိုက်ကိုဖြတ်တဲ့အခါမှာ လက်ဆေးကန်ကနေဖြတ်မယ်ဆိုတော့ ကျွန်တော်တို့ မျှော်လင့်ချက်တွေဆုံးရှုံးသွားတော့ ကျေးရွာတွေမှာ မီးမလင်းနိုင်တဲ့အတွက် ကျွန်တော်တို့က ဒီဆိုလာမီးကို ပေးပေးပါလို့ တင်ပြရခြင်းဖြစ်ပါတယ်။ ဒါပထမအနေနဲ့ တင်ပြပါ့မယ်။ ကျွန်တော်တို့ အခု ကလေးဝမြို့နယ်မှာ ကျေးရွာအုပ်စု ၁၂၅ အုပ်စုရှိတဲ့နေရာမှာ အခုကျွန်တော်တို့ ရထားတာက ကျေးရွာအုပ်စု ၂၄ အုပ်စုနဲ့ ဆိုလာမီး ၃၀၀ ပဲရထားပါတယ်။ ယေဘုယျအားဖြင့် ကျွန်တော်တို့ပြောမယ်ဆိုရင် ကျွန်တော်တို့မြို့ကနေ လျှပ်စစ်မီးဆိုတာ ဒီနေ့အထိ ထုတ်ပေးနိုင်တဲ့ အဆင့်မရှိသေးပါဘူး။ အဲဒီတော့ ကျွန်တော်စောစောကပြောခဲ့တဲ့ မျှော်လင့်ချက်နှစ်ခုကလည်း ဆုံးရှုံးသွားတဲ့အတွက် အခုအဝေးမှာဖြစ်နေတဲ့ ကျေးရွာတွေမှာ ဆိုလာမီးပေးပါဆိုတဲ့ သဘောနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ အဲတော့ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ကျေးရွာအရောက် ကျွန်တော်တို့ မီးလင်းရေးကို ဒီမိုကရေစီနည်းအရ ဆုံးကြုံနိမ့်မြင့်မခွဲခြားပဲ ခွဲတမ်းနှင့်အညီပေးနိုင်မှုရှိ/မရှိ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ဌွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး

များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်ခင်ဗျာ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်းရဲ့ ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်ပြီး တင်ပြမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ယခု ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ၄၅၈၄.၆၂၃ သန်းဖြင့် လျှပ်စစ်မီးသွယ်တန်းနိုင်ဖို့အတွက် ကျေးရွာပေါင်း ၄၅ ရွာ၊ ဆိုလာစနစ်အားဖြင့် ကျေးရွာပေါင်း ၁၉၄ ရွာ စုစုပေါင်း ၂၃၉ ရွာ ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ကလေးဝမြို့နယ်မှာ ကျေးရွာပေါင်း ၁၂၅ ရွာရှိပြီးတော့ မီးရရှိတဲ့ ကျေးရွာ ၁၁၃ ရွာနှင့် မီးရရှိရန် ကျန် တဲ့ရွာ ၁၂ ရွာရှိပါတယ်။ ၂၀၃၀ ခုနှစ်မှာ ခုနက လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းသွားတဲ့ ၂၀၃၀ ခုနှစ်မှာ တစ်မျိုးသားလုံးလျှပ်စစ်မီးရရှိရေး National Electric Plan (NEP)အရ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ မဟာဓာတ်အားလိုင်းပြင်ပ စနစ်(Off-Grid)ပေါ့။ လျှပ်စစ်ဝန်ကြီးဌာနကနေပြီးတော့ မဟာဓာတ်အားလိုင်းကနေပေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနကနေပြီးတော့ မဟာဓာတ်အားလိုင်းပြင်ပမှာ ဆောင်ရွက်မှာဖြစ်ပြီးတော့ ၂၀၁၆-၂၀၁၇ မှာစတင် အကောင်အထည်ဖော်ဆောင်ရွက်မှာဖြစ်ပါတယ်။ စီမံကိန်းကျေးရွာများ ရွေးချယ်တဲ့အခါမှာ မဟာဓာတ်အားလိုင်းမှ နောက်ထပ် ၁၀ နှစ်အထိ မရနိုင်တဲ့ကျေးရွာပါ။ နောက် ၁၀ နှစ်မှာမှ မဟာဓာတ်အားလိုင်းက၊ လျှပ်စစ်က (EPC)က မရနိုင်သေးတဲ့၊ မရောက်နိုင်သေး တဲ့ရွာတွေ ဒါကျွန်တော်တို့ ဦးစားပေးထဲထည့်ပါမယ်။ နောက်တစ်ခုက 11KV လိုင်းကနေ ၁၀ မိုင် အထက်ကွာဝေးတဲ့ကျေးရွာတွေ၊ လျှပ်စစ်ဝန်ကြီးဌာနကတော့ သူတို့ဒီ ၂ မိုင်အတွင်းမှာ စာရင်း ထည့်ပြီးတော့၊ သူတို့ Plan ထဲမှာထည့်ပြီးတော့၊ ဘတ်ဂျက်ထဲမှာထည့်ပြီး ရေးဆွဲနေတာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ကတော့ ၁၀ မိုင်အထက်ကွာဝေးတဲ့ ကျေးရွာတွေမှာ ထည့်ပါမယ်။ နောက်ပြီးတော့ မီးလင်းမှုရာခိုင်နှုန်းနည်းတဲ့ဒေသတွေမှာရှိတဲ့ ကျေးရွာတွေကို ထည့်ပါမယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ပြည်သူဘက်မှ ကုန်ကျတဲ့ငွေကို ၁၀ ရာခိုင်နှုန်းမှ ၂၀ရာခိုင်နှုန်းအထိ ကျေးရွာများက ထည့်ပေးရမှာဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ ပိုင်ဆိုင်မှု(Sense of overship) ရအောင်လို့ ဒါကျွန်တော်တို့ Plan ထဲမှာ ကျေးရွာကလည်း ထည့်ဝင်ငွေ (Contribution) ပါထည့်ထား ခြင်းဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ကျွန်တော်တို့ NEP Plan အရ တစ်အိမ်သုံး ဆိုလာပေါ့။ Solar Home System ကို စနစ်သုံးမျိုးနဲ့ဆောင်ရွက်ထားပါတယ်။ ပထမကျွန်တော်တို့ 30 W ကြိုက်သလား တစ်အိမ်တည်းမှာ မီးလုံးနှစ်လုံးနဲ့၊ 45 W ကြိုက်သလား မီးလုံးသုံးလုံးနဲ့၊ 60W ကြိုက်သလား မီးလုံးလေးလုံးနှင့် စသည်ဖြင့်သုံးမျိုးကျွန်တော်တို့ မေးထားပါတယ်။ နောက်ပြီးတော့

အသေးစားရေအားလျှပ်စစ်စနစ်ပေါ့ Mini Grip မိမိရွာမှာတင် မိမိသုံးမယ့် သို့မဟုတ် ရေအားနှင့် သုံးမယ့်အရည်အသွေးပြည့်မီတဲ့ ပစ္စည်းများကိုသုံးပြီးတော့ ကမ္ဘာ့ဘဏ်ရဲ့ စံချိန်စံညွှန်းနဲ့အညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ကျေးရွာမီးလင်းရေးစနစ်မှာ အသုံးပြုမယ့် ပြည်သူများမှ စနစ်တကျ ရေရှည်အသုံးနိုင်ရန် ရည်ရွယ်ပြီးတော့မှ ပြည်သူအချိုးကျ ထည့်ဝင်စနစ်ဖြင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအနေနဲ့ ဦးစီးဌာနအနေနဲ့ NEP စီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ မင်းကင်းမြို့နယ်မှာ ၂၆ ရွာ၊ တမူးမြို့နယ်မှာ ၃ ရွာ၊ မော်လိုက်မြို့နယ်မှာ ၁၀ ရွာ၊ ဖောင်းပြင် ၁၀ ရွာ၊ ဝက်လက်မြို့နယ် ၄ ရွာနှင့် တန့်ဆည်မြို့နယ် ၁၃ ရွာ စုစုပေါင်းကျေးရွာ ၆၆ ရွာအတွက်တော့ အိမ်ပေါင်း ၇၆၈၀ ကို ဆိုလာစနစ်ဖြင့် နှစ်ရှည်ခံ ကောင်းမွန်တဲ့ဟာကို လျာထားဆောင်ရွက်လျက်ရှိပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေကလည်း 11 လိုင်းရဲ့ နှစ်မိုင်အတွင်းမှာရှိတဲ့ ကျေးရွာများကို ၂၀၁၆-၂၀၁၇ ကစပြီး လျှပ်စစ်မီးလင်းရေးကို တိုးချဲ့ဆောင်ရွက်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ တင်ပြထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်မှာရှိတဲ့ ကျေးရွာများအနက် ပြည်သူ့ထည့်ဝင်ငွေ ဆောင်ရွက်ရန်တင်ပြထားတဲ့ ကျေးရွာများဟာ 11 KV လိုင်းနှင့် ၁၀ မိုင်အတွင်း ကျေးရွာများဖြစ်တာကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ နှစ်စဉ်တိုးချဲ့မယ့် အစီအစဉ်မှာ ပါဝင်မှာဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ လျာထားတဲ့စာရင်းမှာ ဒီလောလောဆယ်တော့ ထည့်ပေးထားခြင်း မရှိပါဘူး။ တကယ်လို့ 11 KV လိုင်းမှာ ၁၀ မိုင်အထက်ကွာတဲ့ ကျေးရွာတွေဖြစ်လို့ချင်ရင် ပြည်သူထည့်ဝင်ငွေနဲ့ ဆောင်ရွက်လိုကြောင်းထပ်မံပြီး တင်ပြလာရင် ကျွန်တော်တို့ လျာထားထည့်သွင်းဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးတွင် လူထုမှပူပေါင်းပါဝင်နိုင်ရေးအတွက် နိုင်ငံတော်မှ မူဝါဒချမှတ်ထားခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတီခွန်မြတ်(ကွတ်ခိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူအပေါင်းဟာ မူးယစ်ဆေးဝါးခြိမ်းခြောက်မှုအန္တရာယ်ကို ယခုအခါ အကြီး

အကျယ်ခံစားနေရတဲ့အချိန်ဖြစ်နေပါတယ်။ အလွယ်တကူ ဝယ်ယူရရှိတဲ့ မူးယစ်ဆေးဝါးများသုံးစွဲမှုကြောင့် အတိဒုက္ခရောက်နေကြရပြီး ကပ်ဆိုးကြီးကျရောက်သကဲ့သို့ အလုံးစုံပျက်သုဉ်းရေးကို ဦးတည်နေတယ်လို့လည်း ဦးစွာတင်ပြလိုပါတယ်။ ဒီအန္တရာယ်တွေကြောင့် လွန်ခဲ့တဲ့ ၂ နှစ်ခန့်မှစပြီး လူမှုအဖွဲ့အစည်းအချို့နဲ့ ဘာသာရေးအဖွဲ့အစည်းအချို့တို့ဟာ ပြည်သူလူထုများပါဝင်တဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့များ ဖွဲ့စည်းပြီး မူးယစ်ဆေးဝါးထုတ်လုပ်သူ၊ ရောင်းချသူ၊ သုံးစွဲသူနှင့် လက်ဝယ်ထားရှိသူများကို ဖော်ထုတ်ဖမ်းဆီးပြီး သက်ဆိုင်ရာရဲစခန်းများသို့ ဆက်သွယ်အပ်နှံကြောင်း ကြားသိနေရပါတယ်။ ဝေးလံခေါင်းပါးတဲ့ ကျေးလက်ဒေသမှာတော့ အထက်ဖော်ပြပါအဖွဲ့အစည်းများဟာ ရဲစခန်းသို့အပ်နှံခြင်းမပြုတော့ဘဲ ဖမ်းဆီးရမိတဲ့ သက်သေခံပစ္စည်းများကို ဖျက်ဆီးခြင်း၊ တရားခံများကိုဒဏ်ငွေပေးဆောင်စေခြင်းများ ပြုလုပ်လျက်ရှိကြောင်း ကြားသိနေရပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးမှာ လူထုကနေပြီးမှ ပူးပေါင်းပါဝင်နိုင်ရေးအတွက် နိုင်ငံတော်မှ မူဝါဒချမှတ်ထားခြင်း ရှိ/မရှိ။ မူဝါဒချမှတ်ထားခြင်းရှိမယ်ဆိုလို့ရှိရင်လည်း မည်ကဲ့သို့ မည်သည့်အချိန်မှာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ရှမ်းပြည်နယ်၊ ကွတ်ခိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းတင်ပြ သွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ ကုလသမဂ္ဂဆိုင်ရာ ကွန်ဗင်းရှင်း၊ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေတဲ့ ကွန်ဗင်းရှင်း၊ ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတဲ့ ဆေးဝါးများတရားမဝင် သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းတွေမှာ အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးပါဝင်ဆောင်ပြီး ဖြစ်ပါတယ်။ ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး တော့ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့မှာ နည်းဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဥပဒေနဲ့အညီ ပြည်သူ လူထုကို မူးယစ်ဆေးဝါးအန္တရာယ်မှကာကွယ်နိုင်ဖို့အတွက် ရည်ရွယ်ပြီးတော့မှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှာစတင်ဖွဲ့စည်းပြီးတော့မှ ၁၉၈၉ ခုနှစ်၊ ၁၉၉၃ ခုနှစ်၊ ၁၉၉၇ ခုနှစ်၊ ၂၀၀၇ ခုနှစ်နှင့် ၂၀၁၁ ခု နှစ်တို့မှာ ငါးကြိမ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ်၊ နည်းနိဿယသုံးရပ်နှင့် လုပ်ငန်းစဉ် ၅ ရပ်တို့ကို ချမှတ်ခဲ့ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အခန်း(၄) ပုဒ်မ ၇ အရ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာ (၁/၂၀၁၂)နဲ့ ပြည်သူများကိုလည်း ပညာပေးလှုံ့ဆော်ရေးအဖွဲ့ကို ဖွဲ့စည်းထားပြီးတော့ ဒီအဖွဲ့တွေနဲ့ လုပ်ငန်းတာဝန်များ (၆)ရပ်ကိုချမှတ်ပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အခန်း(၄) ပုဒ်မ ၈ အရ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၅)နဲ့ ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့အဆင့်ဆင့်ရဲ့ဖွဲ့စည်းမှုနဲ့ လုပ်ငန်းတာဝန်များကိုတော့ သတ်မှတ်ခဲ့တဲ့နေရာမှာ ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်ရဲ့ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များကို ပြည်သူလူထုပါဝင်တဲ့ ဖွဲ့စည်းမှုနဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကနေ ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာဝန်ထမ်းများအရပ်ဖက် အဖွဲ့အစည်းများမှ အဖွဲ့ဝင်၊ အများဆန္ဒနဲ့ရွေးချယ်သူက အတွင်းရေးမှူးနဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု စာရေးကနေပြီးတော့ တွဲဖက်အတွင်းရေးမှူးအဖြစ် ပါဝင်ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ ဒီအဖွဲ့ရဲ့ လုပ်ငန်းတာဝန်တွေကိုလည်း သတ်မှတ်ထားရှိပြီး ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေးလုပ်ငန်းတွေကို ပြည်သူတစ်ဦးတစ်ယောက်ချင်းအနေနဲ့ ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် ၁၉၉၅ ခုနှစ်မှာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေ ၂၀ မှာ မည်သူမဆိုဝင်/ထွက်သွားလာနိုင်သည့်နေရာတွင် မိမိရှေ့မှောက်၌ ပြစ်မှုတစ်ခုခုကို ကျူးလွန်နေသည်ကို

တွေ့ရှိသည့်အခါ ရှာဖွေမိန့်မပါဘဲ ထိုပြစ်မှုကျူးလွန်သူအား ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း ပြုလုပ်နိုင်သည်။ ထိုသို့ ဖမ်းဆီးပြီးနောက် နှောက်နှေးကြန့်ကြာမှုမရှိစေဘဲ ပြည်သူ့ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးထံသို့ စနစ်တကျ လွှဲအပ်ရမည်။ ပြည်သူ့ရဲတပ်ဖွဲ့ဝင်မရှိလျှင် ထိုသူအား သက်သေခံပစ္စည်းများနှင့်တကွ အနီးဆုံးရဲစခန်းသို့ စနစ်တကျ ချက်ချင်းလွှဲအပ်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ ၁ မှာလည်း မည်သည့်အရပ်မှာမဆို မိမိရှေ့မှောက်မှာ အာမခံမပေးနိုင်မယ့်ရဲအရေးယူပိုင်ခွင့်ရှိတဲ့ ပြစ်မှုတစ်စုံတစ်ရာကျူးလွန်သူ သို့မဟုတ် ပြစ်မှုကျူးလွန်ကြောင်း ကြေညာခြင်းခံရသူ မည်သူ့ကိုမဆို ဖမ်းဆီးနိုင်သည်။ ယင်းကဲ့သို့ ဖမ်းဆီးထားသူကို အကြောင်းမဲ့ကြန့်ကြာစေခြင်းမရှိဘဲ ရဲအရာရှိတစ်ဦးထံ ပို့အပ်ရမည်။ ရဲအရာရှိ မရှိပါက ထိုသူကိုချုပ်နှောင်ပြီး အနီးဆုံး ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ ပို့အပ်ရမည် သို့မဟုတ် ပို့အပ်ရန် စီစဉ်ရမည်လို့ ပြည်သူလူထုရဲ့ လုပ်ပိုင်ခွင့်များကိုလည်း ဥပဒေနှင့်အညီ ပြဋ္ဌာန်းထားခဲ့ပြီး ဖြစ်ပါတယ်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မှာရှိတဲ့ လူမှုအဖွဲ့အစည်းများနှင့် ဘာသာရေးအဖွဲ့အစည်းအချို့ဟာ ပြည်သူလူထုများ ပူးပေါင်းပါဝင်တဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်သူ၊ ရောင်းချသူ၊ သုံးစွဲသူများနှင့် လက်ဝယ်ထားရှိသူများကို ဖော်ထုတ်ဖမ်းဆီးပြီးတော့မှ သက်ဆိုင်ရာရဲစခန်းနှင့် မူးယစ်တပ်ဖွဲ့တွေကိုအပ်နှံပေးပို့မှုများ ရှိခဲ့ပါတယ်။ ဖြစ်စဉ်တစ်ခုကို ဥပမာအနေနဲ့ တင်ပြရရင်တော့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့ နေ့လယ် ၂ နာရီ အချိန်မှာ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ မြေမြင့်ရပ်ကွက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ကနေ ဦးဆန်းယီဦးစီးတဲ့ မူးယစ်ဆေးဝါးရောင်းဝယ်ပြုလုပ်သူ အောင်ကိုလတ် ၂၀ နှစ်ကို ဝိုင်းမော်မြို့နယ် နေသူ မူးယစ်ဆေးဝါး ၀.၁၁ ဂရမ်နှင့်အတူ ဖမ်းဆီးပြီးတော့မှ သက်ဆိုင်ရာရဲစခန်းကို အပ်နှံခဲ့ပါတယ်။ ဒီလိုဖြစ်စဉ်တွေလည်းရှိခဲ့ပါတယ်။ ဒါပေမဲ့ ကချင်ပြည်နယ်မှာ ဖွဲ့စည်းထားတဲ့ လူမှုရေးအသင်းအဖွဲ့အစည်း၊ ဘာသာရေးအသင်းအဖွဲ့အစည်းအချို့ဟာ မူးယစ်ဆေးဝါးဆန့်ကျင်ရေးဆောင်ရွက်တဲ့နေရာမှာ သိမ်းဆည်းရမိတဲ့မူးယစ်ဆေးဝါးတွေကို ဥပဒေနဲ့အညီ သက်ဆိုင်ရာ ရဲစခန်းများသို့ အပ်နှံခြင်းမရှိဘဲနဲ့ မိမိတို့ရဲ့အစီအစဉ်နဲ့ ဖျက်ဆီးခြင်းဆောင်ရွက်မှုတို့ကြောင့် ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့အနေနဲ့လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်တရားသူကြီး၊ မြို့နယ်ဥပဒေအရာရှိ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှူးတို့ပါဝင်တဲ့ ပူးပေါင်းအဖွဲ့ဟာ ဥပဒေနှင့်မညီ လုပ်ဆောင်ခဲ့တဲ့ အသင်းအဖွဲ့အစည်းတွေကိုလည်း ခေါ်ယူတွေ့ဆုံခဲ့ပြီး မူယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းတွေကို

ပြည်သူလူထုအခြေပြုအဖွဲ့တွေအနေနဲ့ လုပ်ရှားဆောင်ရွက်ရာမှာ ဥပဒေဘောင်အတွင်းကနေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြဖို့ ခေါ်ယူသတိပေးပြောကြားခဲ့ပြီးလည်း ဖြစ်ပါတယ်။ သိမ်းဆည်းရမိတဲ့ မူးယစ်ဆေးဝါးတွေကို သက်ဆိုင်ရာရဲစခန်းများသို့ အပ်နှံခြင်းမရှိဘဲ မိမိသဘောနဲ့ ပျောက်ပျက်စေခြင်း၊ မမှန်သတင်းပေးခြင်းဆောင်ရွက်ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၁ အရ ၇ နှစ်အထိ ထောင်ဒဏ်ချမှတ်နိုင်တဲ့အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားရှိပါတယ်။ ၎င်းအပြင် တာဝန်ရှိသူတွေကို သတင်းပေးရန်ပျက်ကွက်လို့ရှိရင်လည်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀၀၂ အရ ထောင်ဒဏ် ၆ လအထိ ချမှတ်နိုင်တယ်လို့ ပြဋ္ဌာန်းထားရှိပါတယ်။ နိုင်ငံတော်အစိုးရမှ ၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်ထိ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ရေးဆွဲဆောင်ရွက်ခဲ့ပြီးတော့ ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး (၅)နှစ်စီမံကိန်းထပ်မံရေးဆွဲပြီး ထုတ်လုပ်မှုပပျောက်ရေးနှင့်သုံးစွဲမှုပပျောက်ရေးတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိတဲ့အပြင် နိုင်ငံတော်မှ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေတို့ကို ပြဋ္ဌာန်းပေးခဲ့ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးတွင် လူထုမှပူးပေါင်းပါဝင်စေရေးအတွက် နိုင်ငံတော်မှ မူဝါဒချမှတ်ပေးပြီးဖြစ်ပါကြောင်းနှင့် ဒီမူဝါဒနှင့်အညီ နှစ်ရှည်စီမံကိန်းများ၊ နှစ်စဉ်စီမံကိန်းများရေးဆွဲလျက်ပြည်သူလူထုနှင့် ပြည်တွင်းမှာရှိတဲ့ NGO, INGO အဖွဲ့အစည်းများ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး UNODC အဖွဲ့များနှင့် ပူပေါင်းပါဝင်လျက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးတီခွန်မြတ်(ကွတ်ခိုင်မဲဆန္ဒနယ်)**။ ။ဒုတိယဝန်ကြီးမှ အကျယ်တဝင့်ရှင်းလင်းပေးတဲ့အတွက်ကျေးဇူးအများကြီး တင်ပါတယ်။ ဒါပေမယ့် လက်တွေ့မှာဖြစ်နေတဲ့ အပိုင်းနဲ့ဆက်စပ်ပြီး ပြန်လည်တင်ပြဆွေးနွေးရမယ်ဆိုလို့ရှိရင် မေးမြန်းဖို့လည်း ပေါ်ပေါက်လာပါတယ်။ ဘာလို့လဲဆိုလို့ရှိရင်ပြည်သူအများပူးပေါင်းပါဝင်လာနိုင်ရေးအတွက် ဥပဒေအရ ခွင့်ပြုထားတယ်လို့ ဆိုပေမယ့်လို့ ဒီလိုအစောတုန်းကတင်ပြသလိုပဲ ဒီ INGO, NGO, CSO တွေက ဒါတွေကို နားမလည်ပါဘူး။ Awareness မရှိပါဘူး။ ပြည်သူတွေပါဝင်လာနိုင်ဖို့အတွက် တွေ့ဆုံရှင်းလင်းမှုများကို ဒီထက်ပိုပြီးဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိဆိုတာလည်း ကျွန်တော့်အနေနဲ့ထပ်လောင်းပြီး မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဗဟိုအဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးထုတ်လုပ်လျှော့ချရေးနဲ့ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးလုပ်ငန်းစဉ်(၂)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီးတော့မှ ထုတ်လုပ်မှုလျှော့ချရေးလုပ်ငန်းစဉ်အောက်မှာ တားဆီးနှိမ်နှင်းရေး၊ အစားထိုးဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတုပစ္စည်းထိန်းချုပ်ရေးကဏ္ဍတို့ ပါဝင်ပြီးတော့ သုံးစွဲမှုလျှော့ချရေးလုပ်ငန်းစဉ်ခေါင်းစဉ်အောက်မှာ ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ကျောင်းသားလူငယ်အသိပညာပေးရေး၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေး၊ နိုင်ငံတကာဆက်ဆံရေးကဏ္ဍတို့ ပါဝင်ပါတယ်။ ဒီလုပ်ငန်းစဉ်ကြီးနှစ်ရပ်ကို ဟန်ချက်ညီညီအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ဗဟိုအဆင့်မှာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ဦးဆောင်ပြီးတော့ ဆောင်ရွက်နေသလိုပဲ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(က)အရ မူးယစ်ဗဟိုအဖွဲ့ရဲ့ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်ရက်စွဲပါ အမိန့်ကြော်ငြာစာ(၂/၂၀၁၁)နဲ့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်ထိကို ဒီမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများတားဆီးကာကွယ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီးတော့မှ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုတွေပိုမိုပူးပေါင်းပါဝင်လာဖို့အတွက်ကို ကျွန်တော်ယခင် ပထမအပိုဒ်မှာတင်ပြခဲ့တဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ အခန်း (၄) ပုဒ်မ ၇ အရ ပြည်သူများ ပညာပေးလှုံ့ဆော်စေရေးအဖွဲ့ကို ဖွဲ့စည်းပြီးတော့မှ ဒီအဖွဲ့အနေနဲ့ လုပ်ငန်းတာဝန် (၆)ရပ် ချမှတ်ဆောင်ရွက်တယ်ဆိုတာ ကျွန်တော်တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတာဝန် (၆)ချက်အနေနဲ့ ပညာရေးဝန်ကြီးဌာနကဆောင်ရွက်လျက်ရှိတဲ့ ကျောင်းသားကျောင်းသူတွေ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများရှောင်ကျဉ်စေရန်နှင့် ပညာပေးလှုံ့ဆော်ရေးအစီအစဉ်များကို ပိုမိုထိရောက်စေရေး ကူညီဆောင်ရွက်ခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ဆောင်ရွက်လျက်ရှိတဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲခြင်းမပြုရန် ကြိုတင်ပညာပေးလှုံ့ဆော်ခြင်းနှင့် သုံးစွဲသူကို ကုသပေးခြင်း၊ စောင့်ရှောက်ပေးခြင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ထုတ်လုပ်နိုင်တဲ့ အပင်စိုက်ပျိုးတဲ့သူများကို ဒီအပင်အစား အခြားအစားထိုးသီးနှံများ စိုက်ပျိုးခြင်းကိစ္စများနှင့် စပ်လျဉ်းလို့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ရဲ့ ဆောင်ရွက်ချက်တွေကို ပိုမိုထိရောက်မှုရှိစေရေးအတွက် ပြန်ကြားရေးဆိုင်ရာလှုံ့ဆော်မှု အစီအစဉ်များ ကူညီဆောင်ရွက်ပေးခြင်း၊ တစ်ကမ္ဘာလုံးမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ

အန္တရာယ်ကြောင့် လူသားများအညွန့်တုံး၊ ဘဝဆုံးခဲ့ရခြင်းကို ပြန်ကြားရေးဆိုင်ရာလှုံ့ဆော်ရေး အစီအစဉ်များနဲ့ ကူညီဆောင်ရွက်ပေးခြင်း၊ ပြည်သူများအတွင်းမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ကို မြင်ပြီးတော့မှ ရှောင်ကြဉ်ကြစေရေးအတွက် ရေဒီယို၊ ရုပ်မြင်သံကြား၊ ဗွီဒီယို၊ ရုပ်ရှင်၊ သဘင်၊ တေးဂီတ စတဲ့လူထုဆက်သွယ်ရေးနည်းလမ်းတွေနဲ့ ပညာပေးရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်ခြင်း၊ လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်းများနဲ့ အစိုးရမဟုတ်သောအဖွဲ့အစည်းများကိုပါ စည်းရုံးလှုပ်ရှား ဆောင်ရွက်စေခြင်းဆိုပြီးတော့မှ မူဝါဒလုပ်ငန်းစဉ် (၆)ရပ်ကိုချမှတ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီဆောင်ရွက်ချက်အသေးစိတ်ကိုလည်း ကျွန်တော်တို့နှစ်စဉ် မူးယစ်ဆေးဝါးဗဟိုအဖွဲ့အစည်းအဝေးလုပ်တဲ့နေရာမှာ တင်ပြပြီး မှတ်တမ်းရယူပြီးတော့ နောင်နှစ်အတွက်ကို ဒီထက်ပိုကောင်းအောင် ဘယ်လိုဆောင်ရွက်မလဲဆိုတဲ့ ဆွေးနွေးပြီးတော့မှ အတည်ပြုဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးမြန်းချက်များအပေါ်မှာ ပြန်လည်ပြီးတော့ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများကို ကျေးဇူးတင်ကြောင်း ဦးစွာပြောလိုပါတယ်။ ဒီနေရာမှာကတော့ အခုနကပြောတဲ့ ကျွန်တော်ကလည်း ထပ်ဆင့်လေး ကျွန်တော်ဆွေးနွေးတင်ပြလိုတာလေးရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ မူးယစ်ဆေးဝါးဟာ အင်မတန်မှ အန္တရာယ်ကြီးမားတယ်ဆိုတာ အားလုံးလည်း သိပြီးဖြစ်ပါတယ်။ ယခင့် ယခင်ကလည်းပဲ ကျွန်တော်တို့ နိုင်ငံများမှာ စစ်မက်များဖြစ်ပွားတဲ့အခါမှာလည်း မူးယစ်ဆေးဝါးကို အသုံးချပြီးတော့ ဘယ်လိုအနိုင်ယူသွားကြတယ်ဆိုတာတွေလည်း အားလုံးသိရှိကြပြီးသားလည်းဖြစ်ပါတယ်။ မူးယစ်ဆေးဝါးအစကလည်းပဲ သုံးထားသလို မူးယစ်ဆေးဝါးလို့ပြောတော့ ကျွန်တော်တို့ ငယ်ငယ်လေးကတည်းက ဆေးဝါးအဖြစ်နဲ့ သောက်ဆုံးလာခဲ့ကြတဲ့ ဆေးဝါးတွေဟာ သူတို့တွေသုံးစွဲလိုက်တာနဲ့အမျှ ကျွန်တော်တို့နမူနာပြောရင် ကျွန်တော်တို့ထဲမှာ သမားတော်ကြီးတွေရှိပါတယ်။ ကျွန်တော်တို့ ချောင်းဆိုးရင်သောက်တဲ့ ကိုဒင်းဖော့တို့ အင်မတန်ကောင်းမွန်တဲ့၊ ပျောက်တဲ့၊ ဆရာဝန်များသုံးစွဲတဲ့ ကျွန်တော်တို့ လူနာတွေကို ကျွန်တော်တို့ကို ဆေးညွှန်းပေးတဲ့ ဖန်ဆီဒိုင်း ကျွန်တော်တို့တွေသောက်ခဲ့ကြတဲ့၊ ကိုမက်ဂဇင်း ကျွန်တော်တို့တွေ သောက်ခဲ့ကြတယ်။ ဒါပေမဲ့ ဒီလို မလျော်မကန်ပဲနဲ့ ဒီလိုမျိုးသုံးစွဲမှုတွေ ပေါ်ပေါက်လာတဲ့အခါကြတော့ ဒီဆေးဝါးတွေကို တားမြစ်လိုက်တဲ့အခါကျတော့ ကျွန်တော်တို့တွေအနေနဲ့၊ ရောဂါဖြစ်ပွားတဲ့သူတွေအနေနဲ့ ဆေးဝါးကို မသုံးစွဲရတော့ဘဲနဲ့ ဆေးဝါးဒီထက်မမှန်ကန်တဲ့ ပြောင်းလဲသုံးစွဲကြတာတွေ များလာတယ်။ ဒါကြောင့်မို့လို့ မူးယစ်ဆေးဝါးအစ ဘယ်ကနေစသလဲဆိုတာလေးကိုလည်း ကျွန်တော်တို့ စတင်အကောင်အထည်ဖော်ပြီးတော့ ဒီဟာကို တားဆီးနှိမ်နင်းပေးမယ်ဆိုရင် ကျွန်တော်ထင်ပါတယ် အကုန်လုံး၊ တစ်တိုင်းတစ်ပြည်လုံးရဲ့ တိုးတက်မှုက အများအပြား ဖြစ်လာမှာပါ။

ဒါကြောင့်မို့ ကျွန်တော်တို့ ဆေးလိပ်သောက်တာတောင်မှ ဆေးလိပ်သောက်တဲ့သူနဲ့ ဘေးကအနံ့ရှူ ရတဲ့လူနဲ့တောင်မှ ဘယ်လိုခံစားရသလဲဆိုတာ အများသိတဲ့အတွက် အခုဆိုရင်လည်း ဆေးလိပ် မသောက်သုံးရတဲ့နေရာတွေ အများကြီးသတ်မှတ်ပေးလာတာလေး တွေ့ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့လည်း ထပ်ပြီးတော့ တိုက်တွန်းချင်တာပါ။ အားလည်း အားပေးချင်တဲ့အနေ အထားနဲ့ ပြည်သူလူထုတစ်ရပ်လုံးက ပါဝင်ပြီးတော့ ဆောင်ရွက်ပေးနိုင်မယ်ဆိုလို့ရှိရင် အခုနက ပြောသလိုပဲ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ အာဏာပိုင်အစိုးရအဖွဲ့ကပါ တာဝန်ထမ်းဆောင်နေရ တာထက်ပိုပြီးတော့ အောင်အောင်မြင်မြင်လေး ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ အခုနက ကျွန်တော်ထင်ပါတယ်။ ကိုယ်စားလှယ်ကြီးကလည်းမေးမြန်းသွားတာက ဒီထက်ပိုပြီးတော့များ ပြည်သူ လူထုပူးပေါင်းပါဝင်လာအောင် ဘယ်လိုများဆောင်ရွက်ပေးနိုင်မလဲလို့ မေးသွားတဲ့ မေးခွန်းလေး ကျွန်တော်နားလည်ပါတယ်။ ဒါကြောင့်မို့လို့ ဖြေပေးတဲ့ ပြည်ထောင်စုဝန်ကြီးဌာန ဒုတိယဝန်ကြီး များကိုလည်း ကျွန်တော် ကျေးဇူးတင်ပါတယ်။ သို့သော်လည်း ကျွန်တော်ကလည်း မေတ္တာရပ်ခံ တဲ့အနေနဲ့ ဆက်ပြီးတော့ ထပ်ဆင့်ပြောကြားပေးတာပါ။ ဒီကိစ္စလေးကို ဒီထပ်ပိုပြီးတော့ အောင်မြင်အောင် ဆောင်ရွက်ပေးစေချင်ပါတယ်ခင်ဗျား။ ဘာဖြစ်လို့လဲဆိုတော့ ဒါမှသာ ကျွန်တော်တို့ အောင်မြင်တိုးတက်ကြီးပွားလာမှာဖြစ်တဲ့အတွက် ဒါလည်း တစ်ကဏ္ဍအနေနဲ့ ပါဝင်နေလို့ပါပဲ။ ကျွန်တော်ပြောတာလေးတော့ ပြည်ထောင်စုဒုတိယဝန်ကြီးများ နားလည်မယ်ထင်ပါတယ်။ ကူညီပေး ဖို့အတွက် ကျွန်တော်မေတ္တာရပ်ခံတာပါခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

**ဒုတိယဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိစ္စရပ်များ ဆောင်ရွက်ရန် ကိစ္စလေးရှိတဲ့အတွက် လွှတ်တော်ကို မိနစ် (၂၀)၊ နာရီဝက်ခန့် ခေတ္တခဏရပ်နားမှာ ဖြစ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို နာရီဝက်ခန့် ခေတ္တရပ်နားပါသည်။ ]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**မူကြမ်း**

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီရှင်။

## ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ဖြစ်တဲ့ ၂၁-၁၂-၂၀၁၅ ရက်နေ့မှာ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက်အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးကို တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများကို ပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူရဲ့ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်(၁၃)ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီကိုယ်စား နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်

ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ အတည်ပြုပေးနိုင်ရန် လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ဖြစ်သည့် ၂၁-၁၂-၂၀၁၅ ရက်နေ့တွင် လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ယင်းဥပဒေ ကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ၂၁-၁၂-၂၀၁၅ ရက်နေ့ လွှတ်တော်တွင် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသော လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ၂၃-၁၂-၂၀၁၅ ရက်နေ့နောက်ဆုံးထား၍ အမည် စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးခဲ့ရာ အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ငါးဦးက အဆိုတင်သွင်းခဲ့ပါတယ်။ ၎င်းတို့မှာ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း၊ မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်းတို့ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၂၉-၁၂-၂၀၁၅ ရက်နေ့ တွင် ဆွေးနွေးနိုင်ရန်နှင့် ပြင်ဆင်ချက်အဆိုတင်သွင်းသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ငါးဦးနှင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြု ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပါတယ်။ ယင်းညှိနှိုင်း အစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန်တင်ပြချက် (၁၃)ချက်ရှိပါတယ်။

၎င်းတို့မှာ ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားသည့် ကန့်လန့်ဖြတ်ဇယား၏ စာမျက်နှာ ၁ အမှတ်စဉ် ၁ မှ ၄ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)ပယ်ဖျက်ခြင်း၊ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ စာမျက်နှာ ၂ အမှတ်စဉ် ၇ မှ ၁၀ အပိုဒ် ၅၊ အပိုဒ် ၆ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇ အပိုဒ်ခွဲ(က)၊ စာမျက်နှာ ၃ အမှတ်စဉ် ၁၂ အပိုဒ် ၈၊ စာမျက်နှာ ၄ အမှတ်စဉ် ၁၅ မှ ၁၈ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၁၃)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုပြုတင်ပြ အပ်ပါတယ်ခင်ဗျား။

**မှူးကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားကို ပြောပါခင်ဗျား။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်း ကော်မတီရဲ့တင်ပြချက်အတိုင်း သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားကိုလည်း ပြောပါ။

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် (၁၃)ချက်ကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ကလည်း သဘောတူသွားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်(၁၃)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့ အတွက် နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူရဲ့ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၁၃)ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းနှင့် မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်းတို့က ပြင်ဆင်ချက်(၅)ချက်ကို တင်သွင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ယင်း ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး ယခု စတင်ဆောင်ရွက်ပါမယ်။ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်စန္ဒာမင်း(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ ကျွန်မ ဒီအပိုဒ်ကို အခန်း(၂) အပိုဒ် ၃ (ဂ)၊ ဒီ (ဂ)ကို ပယ်ဖျက်ဖို့ အဆိုတင်သွင်းပါတယ်။ ဘာဖြစ်လို့တင်သွင်းရသလဲဆိုတော့ ကျွန်မ

ဒီဥပဒေကို ဆွေးနွေးမယ်ဆိုကတည်းကိုက မေးခဲ့ပါတယ်။ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူရဲ့ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးဆိုတော့ ကျွန်မက နိုင်ငံတော်သမ္မတရဲ့ လုံခြုံရေးနဲ့ ပတ်သက်တဲ့ ဥပဒေကိုပဲ ပြဋ္ဌာန်းပေးရမှာလား။ ဒါမှမဟုတ် နိုင်ငံတော်သမ္မတရဲ့ Immunity နဲ့ ဆိုင်ပါသလားလို့ မေးပါတယ်။ အဲဒီအခါကျတော့ လုံခြုံရေးနဲ့သက်ဆိုင်တဲ့ ဥပဒေကိုပဲ ဆွေးနွေးမှာပါလို့ပြောပါတယ်။ ဒါကြောင့်မို့လို့လည်း ကျွန်မက ဒီ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)မှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ပြီးနောက်ပိုင်းတွင် ထိုတာဝန်ထမ်းဆောင်စဉ်က ဥပဒေနှင့်အညီ ဆုံးဖြတ်ခဲ့မှုများနှင့်စပ်လျဉ်း၍ အနှောင့်အယှက်ပေးခြင်း၊ အန္တရာယ်ပြုခြင်းတို့မှ ကာကွယ်နိုင်ရန် ဆိုပြီးတော့ အဆိုပြုပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ ကျွန်မက ဒါကိုပယ်ဖျက်ချင်ပါတယ်ဆိုပြီးတော့ တင်သွင်းပါတယ်။ ဘာဖြစ်လို့ တင်သွင်းရတာလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၂၁၅ (က) မှာပြဋ္ဌာန်းပြီးသားဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း မိမိအားအပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မှု သို့တည်းမဟုတ် ကျင့်သုံးဆောင်ရွက်သည့်အနေဖြင့် ပြုခဲ့သောပြုလုပ်မှုအတွက် မည်သည့်လွှတ်တော်၊ မည်သည့်တရားရုံးတွင်မျှ ဖြေရှင်းရန်တာဝန်မရှိစေရဆိုပြီးတော့ ပုဒ်မ ၂၁၅ (က)မှာ ဖော်ပြထားပြီး လည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ဖော်ပြထားပြီးသားလည်း ဖြစ်တယ်။ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းလို့လည်း ဖော်ပြထားတာဖြစ်တဲ့အတွက် ခေါင်းစဉ်နဲ့လည်း ကွဲလွဲနေပါတယ်။ ဒါဟာ နိုင်ငံတော်သမ္မတကို Immunity ပေးတဲ့ ဥပဒေမဟုတ်ပါဘူး။ လုံခြုံရေးနဲ့ပတ်သက်တဲ့ဟာ ပေးတာဖြစ်ပါတယ်။ အဲဒီလိုပါပဲ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း နိုင်ငံတော်သမ္မတအတွက်ကိုလည်း ပြဋ္ဌာန်းပြီးသားဖြစ်တာကြောင့် ဒီအပိုဒ်ဟာမလိုအပ်တော့တဲ့အတွက် ပယ်ဖျက်ရခြင်းဖြစ်ပါတယ်ဆိုတာကို အဆိုတင်သွင်းပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၅ မှာ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း မိမိအားအပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မှု သို့မဟုတ် ကျင့်သုံးဆောင်ရွက်သည့်အနေဖြင့် ပြုခဲ့သော ပြုလုပ်မှုအတွက် မည်သည့်လွှတ်တော်၊ မည်သည့်တရားရုံးတွင်မှ ဖြေရှင်းရန်တာဝန်မရှိစေရ။ သို့ရာတွင် ဤကဲ့သို့တာဝန်မရှိစေခြင်းသည်

နိုင်ငံတော်သမ္မတအား ဖွဲ့စည်းပုံအခြေခံဥပဒေပါ စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ခြင်းမရှိစေရလို့ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီဟာက လက်ရှိနိုင်ငံတော်သမ္မတကို ဆိုလိုတာဖြစ်ပါတယ်။ လက်ရှိဥပဒေမှာတော့ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းဖြစ်ပြီးတော့ ဒီမှာ တင်ပြထားတာကတော့ နိုင်ငံတော်ရဲ့ တာဝန်ကို ထမ်းဆောင်ပြီး နောက်ပိုင်းမှာ ဒီတာဝန်ထမ်းဆောင်စဉ်က ဥပဒေနဲ့အညီ ဆုံးဖြတ်ခဲ့မှုနှင့်စပ်လျဉ်းပြီးတော့ အနှောင့်အယှက်ပေးခြင်း၊ အန္တရာယ်ပြုခြင်းတို့မှ ကာကွယ်နိုင်ရန်ဆိုပြီးတော့ တင်ပြထားတဲ့အတွက် ဒီအပိုဒ်ကတော့ မဖြစ်မနေ ထည့်သွင်းမှသာ ဒီဥပဒေအရ အဓိပ္ပာယ်ရှိမှာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါ။

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ကာကွယ်ရေး ဝန်ကြီး ဌာနကတော့ ၂၉-၁၂-၂၀၁၅ ရက်နေ့မှာ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ငါးဦးနဲ့ ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိတဲ့အတွင်းဝန်တို့ တက်ရောက်ခဲ့တဲ့အတိုင်း ဆွေးနွေးပြီးသားဖြစ်တဲ့အတွက်ကြောင့် ဒီဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ မူလအတိုင်းပဲထားသင့်ကြောင်းအဆိုပြုတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ ဒီနိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေရဲ့ အခန်း ၂ ရည်ရွယ်ချက်ဖြစ်ပါတယ်။ အဲဒီတော့ ဒီဥပဒေပြဋ္ဌာန်းရခြင်းရဲ့ ရည်ရွယ်ချက် (၃)ရပ်ရှိပါတယ်။ အဲဒီ (၃) ရပ်ကတော့ ပထမတစ်ချက်ကတော့ ဒီအသက်အန္တရာယ်နဲ့ ကိုယ်ကာယကိုကာကွယ်ဖို့၊ ဒုတိယအချက်က မိသားစုရဲ့ လုံခြုံအေးချမ်းစွာနေနိုင်ဖို့နဲ့ တတိယအချက်ကတော့ ဥပဒေနှင့်အညီ ဆုံးဖြတ်ခဲ့တဲ့ ဆောင်ရွက်ချက်များကို ကာကွယ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်(၃)ရပ်ဖြစ်ပါတယ်။ ရည်ရွယ်ချက်(၃) ရပ်ထဲကမှ ဒီ ၃ ရပ်ကိုမှီပြီးတော့ ဒီဥပဒေကို ပြင်ပြီးရေးဆွဲထားတဲ့ အနက်မှာက ဒီတစ်ရပ်ကို ဖြုတ်လိုက်လို့ရှိရင် ဒီဥပဒေရဲ့အနှစ်သာရဟာ လျော့ပါးသွားမှာ ဖြစ်ပါတယ်။ ပြည့်စုံမှုမရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီရည်ညွှန်းထားတဲ့ အကြောင်းအရာကို ဆက်စပ်ပြီးတော့ ဖော်ပြထားတာလည်း အမှတ်စဉ် ၁၄ အခန်း(၄) အပိုဒ် ၁၀ ပါ ပြဋ္ဌာန်းချက်နဲ့လည်း သူက ဆက်စပ်နေတာဖြစ်တဲ့အတွက်

ရည်ရွယ်ချက်ပါမှသာလျှင် နောက်ထပ် ဒီအပိုဒ် ၁၀ မှာလည်း ဖြည့်စွက်နိုင်မှာဖြစ်တဲ့အတွက် ဒါဟာ ရည်ရွယ်ချက်ကို ပြန်လည်ဖော်ပြရန်လိုအပ်တဲ့အတွက် ပယ်ဖျက်ခြင်းကို ကျွန်တော်တို့အနေနဲ့လည်း သဘောမတူဘဲနဲ့ ပြန်လည်ထည့်သွင်းသင့်ပါကြောင်း လွှတ်တော်သို့ တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)နဲ့ စပ်လျဉ်းပြီး ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းက ပယ်ဖျက်ရန် ပြင်ဆင်ချက်အဆို တင်သွင်းသွားပါတယ်။ ဒါကို ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ကာကွယ်ရေးဝန်ကြီးဌာနက မူလအဆိုပြုချက်အတိုင်း ထားဖို့အဆိုပြုသလို ဥပဒေကြမ်းကော်မတီကလည်း ရည်ရွယ်ချက်ဖြစ်တဲ့အတွက် ဒါပါမှပြည့်စုံမှာဖြစ်တယ်။ ဒါကြောင့် မပယ်ဖျက်သင့်ကြောင်းကို ဆွေးနွေးတင်ပြသွားတာ ဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)နဲ့ စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ တင်ပြပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)နဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ တင်ပြပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၄ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းအား ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ အခန်း(၃) အပိုဒ် ၄ မှာ မူလက သက်ဆိုင်ရာဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးအတွက် အကာအကွယ်ပေးရန် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူက အမည်စာရင်းတင်သွင်းသူတစ်ဦးကို ကိုယ်ရံတော်အဖြစ်ခန့်အပ်ရမည်ဟု ဆိုပါသည်။ အဲဒီထဲမှာ ကျွန်တော် ပြင်ထားတာကတော့ သက်ဆိုင်ရာဝန်ကြီးဌာနကို ပြည်ထဲရေးဝန်ကြီးဌာနလို့ ပြင်ပါတယ်။ နောက်ပြီးတော့ အောက်မှာ ကိုယ်ရံတော်အဖြစ် ခန့်အပ်ရမယ်ဆိုတာကို ညှိနှိုင်းခန့်အပ်ရမယ်လို့ ပြင်ဆင်ထားပါတယ်။ အပေါ်မှာလည်းပဲ ပြီးခဲ့တဲ့ အပိုဒ်တွေမှာလည်း ပြည်ထဲရေးဝန်ကြီးဌာနလို့ ကျွန်တော်တို့က ဒီမှာ ပြောင်းခဲ့တာတွေရှိပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနကို ပြည်ထဲရေးဝန်ကြီးဌာနဆိုပြီးတော့ ဒီမှာ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)မှာလည်း ကိုယ်ရံတော်ဆိုတဲ့ စကားလုံးမှာလည်း အဓိပ္ပာယ်ဖွင့်ထားပါတယ်။ ဒါကြောင့်မို့

ဒီကိုယ်ရံတော်ကို ပြည်ထဲရေးဝန်ကြီးဌာနကပဲ ကိုင်တွယ်ရမယ်။ အခြားဝန်ကြီးဌာနတွေက ကိုင်တွယ်ခြင်းအားဖြင့် မသင့်လျော်ပါဘူး။ ဒါကြောင့် ပြည်ထဲရေးဝန်ကြီးဌာနကို ရှေးအဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း အဲဒီမှာထည့်ပေးတာဖြစ်ပါတယ်။ နောက်တစ်ခုက ညှိနှိုင်းခန့်အပ်ရမှာလို့ပါပါတယ်။ နိုင်ငံတော်သမ္မတက အမည်စာရင်း တင်သွင်းထားသူတစ်ဦးကို နိုင်ငံတော်သမ္မတက အမည်စာရင်း တင်သွင်းတယ်ဆိုရာမှာ ပြည်ထဲရေးဌာနက ဒါမှမဟုတ် ရဲတပ်ဖွဲ့ဝင်ကဆိုပြီးတော့ ပါတာမရှိပါဘူး။ ဒီတော့ သမ္မတက သူကြိုက်တဲ့လူတစ်ယောက်ကို၊ သူစိတ်ချရတဲ့သူတစ်ယောက်ကို ခန့်အပ်မယ့် သဘောရှိပါတယ်။ ဒီတော့ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ မညှိနှိုင်းဘဲနဲ့ ခန့်အပ်ခဲ့ရင် တကယ်တမ်းလုပ်တဲ့အခါမှာ အခက်အခဲတွေ ဖြစ်လာနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူခန့်အပ်တဲ့သူဟာ တခြားဌာနတစ်ခုက ဒါမှမဟုတ် အရပ်ဘက်ကဖြစ်နေမယ်ဆိုရင် လုံခြုံရေးတပ်ဖွဲ့အပေါ်မှာ စီမံခန့်ခွဲတဲ့အခါမှာ လွဲချော်မှုတွေဖြစ်လာနိုင်ပါတယ်။ အဲဒါနဲ့ ဝန်ကြီးဌာနနဲ့ ညှိနှိုင်းခန့်အပ်ခြင်းသည် အသင့်တော်ဆုံးလို့ ယူဆတဲ့အတွက် ဒီလိုညှိနှိုင်းခန့်အပ်တယ်ဆိုတဲ့ စကားကို အစားထိုးသုံးနှုန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိပါဘူးခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါ။

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန် မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ ဒီသက်ဆိုင်ရာဆိုတဲ့နေရာမှာ ပြည်ထဲရေးလို့ သုံးစွဲတာရယ်၊ နောက်ညှိနှိုင်းဆိုတဲ့ စကားရပ်ဖြည့်စွက်တာဟာ ဥပဒေရဲ့အနှစ်သာရကို မထိခိုက်တဲ့အပြင် အရေးအရာ၊ အကြောင်းအရာ တစ်စုံတစ်ရာဖြစ်ပါက ဒါညှိနှိုင်းနိုင်ရန် ဖြည့်စွက်ရခြင်းဖြစ်ပြီးတော့ အဓိပ္ပာယ်ပိုမိုပြည့်စုံလေးနက်စေပါသဖြင့် ဥပဒေကြမ်းကော်မတီကလည်း သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၄ နဲ့ စပ်လျဉ်းပြီး မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းရဲ့ ပြင်ဆင်ချက်ကို ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ကာကွယ်ရေးဝန်ကြီးဌာနတို့ အပြင် ဥပဒေကြမ်းကော်မတီကလည်း သဘောတူသင့်ကြောင်းကို တင်ပြသွားတာ ဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ် ၄ နဲ့စပ်လျဉ်းပြီး ဦးဖေသန်း၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အပိုဒ် ၄ နဲ့စပ်လျဉ်းပြီး ဦးဖေသန်းရဲ့ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၇ အပိုဒ်ခွဲ(ခ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းအား ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။အခန်း(၃) အပိုဒ် ၇ အပိုဒ်ခွဲ(ခ)ပါ။ ဒီမှာ ကျွန်တော် ပြင်ထားတာကတော့ ဝါကျ အထားအသိုဖြစ်ပါတယ်။ သူက ပထမ ဝါကျမှာကတော့ ဝန်ကြီးဌာနသည် ပုဒ်မခွဲ(က)အရ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူကတော့ ဒီပုဒ်မခွဲ(က)အရ နိုင်ငံတော် သမ္မတက တာဝန်ထမ်းဆောင်တယ် ဆိုတဲ့သဘောမျိုး ဖြစ်နေပါတယ်။ အဲဒါနဲ့ ပုဒ်မခွဲ(က)အရ ဒီ နိုင်ငံတော်သမ္မတက တာဝန်ထမ်းဆောင်ခဲ့သူက အမည်စာရင်းတင်သွင်းခြင်းဖြစ်ပါတယ်။ ရှေ့က ပုဒ်မ ၇ ပုဒ်မခွဲ(က)ကို ညွှန်းထားပါတယ်။ အဲဒါကြောင့် ဒီဝါကျကို အထားအသို ပြန်ပြီးတော့ ညှိနှိုင်းခြင်းသာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားကို ပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန် မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့သဘောထားကို ပြောပါ။

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားကို ပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဦးဖေသန်းရဲ့ပြင်ဆင်ချက်ဟာ ပိုမိုပြည့်စုံမှန်ကန်ပါသဖြင့် ကျွန်တော်တို့ သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၇ အပိုဒ်ခွဲ(ခ)နှင့် စပ်လျဉ်းပြီး မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ ပြင်ဆင်ချက်ကို ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေး ဝန်ကြီးဌာနနှင့် ဥပဒေကြမ်းကော်မတီတို့က သဘောတူကြောင်း တင်ပြသွားပါတယ်။ ဒါကြောင့် အပိုဒ် ၇ အပိုဒ်ခွဲ(ခ)နှင့်စပ်လျဉ်းပြီး ဦးဖေသန်း၏ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၇ အပိုဒ်ခွဲ(ခ)နှင့်စပ်လျဉ်းပြီး ဦးဖေသန်း၏ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၀ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းအား ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျာ။ အခန်း (၄) အပိုဒ် ၁၀ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူက နိုင်ငံတော်သမ္မတအဖြစ် ထမ်းဆောင်ခဲ့သည့် ကာလ အတွင်း တာဝန်အရ ဆောင်ရွက်ချက်များကို အကြောင်းပြု၍ ယင်းအား တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။ ဒီပုဒ်မကို ကျွန်တော့်အနေနဲ့ ပယ်ဖျက်ထားပါတယ်။ ပယ်ဖျက်ထားတဲ့ အကြောင်းရင်းက တော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၃ မှာ ပြစ်မှုကျူးလွန်သူ မည်သူကိုမဆို ယင်းပြစ်မှုကျူးလွန် သည့်အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တစ်စုံတစ်ရာကျူးလွန်လျှင် မည်သူကိုမျှ အကာအကွယ်မပေးပါဘူး။ ထို့အတူ အခြားသော ဥပဒေတွေမှာလည်း မည်သူမဆိုတဲ့ စကားလုံး အမြဲတမ်းပါရှိပါတယ်။ အဲတော့ အဲလိုမဟုတ်ဘဲနဲ့ ဒါကို ကျွန်တော်တို့က အရေးမယူဘူး။ တစ်စုံတစ်ယောက်ကို အရေးမယူဘူး။ ပြစ်မှုတစ်ခုကို အကြောင်းပြုလျက် မည်သူမဆိုအနောက်က သမ္မတမပါ အဲလိုမျိုးအခွင့်အရေး ပေးမယ်ဆိုရင် ဒါမဖြစ်သင့်ပါဘူး။ နောက် ဆောင်ရွက်ချက်များကို အကြောင်းပြုလျက် ဆောင်ရွက်ချက်များကို အကြောင်းပြုပြီးတော့ ဘာတွေဆောင်ရွက်သလဲ။ သမ္မတ ဟာ ဥပဒေတစ်ခုခုကို ကျူးလွန်ရင် ဒီအကြောင်းပြုပြီးတော့ ကျူးလွန်ရင် အဲဒီဆောင်ရွက်ချက်လုပ်တဲ့ အပေါ် မှာ ကျူးလွန်ရင် သူကို အပြစ်ပေးအရေးယူရမှာ ဖြစ်ပါတယ်။ ဒါ ဘယ်နိုင်ငံမှာမှ ဒီလိုသမ္မတကို

အပြစ် တစ်ခုခုကို ကျူးလွန်လို့အရေးမယူရဆိုတဲ့ ဥပဒေမျိုး မရှိပါဘူး။ အဲတော့ ဥပမာဆိုပါဆို့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ အရ သမ္မတက ပြည်ထောင်စုဝန်ကြီးကို ခန့်အပ်တယ် ဆိုပါတော့။ တခြားလည်း ခန့်အပ်ပိုင်ခွင့် အများကြီးရှိပါတယ်။ အဲဒီမှာ အဂတိတစ်ခုခုကို လိုက်စားပြီးတော့ သမ္မတ က ခန့်အပ်ရင် ဒါကျွန်တော်တို့ အရေးယူလို့ရပါတယ်။ ဒါကျွန်တော်တို့ ဥပဒေနဲ့ငြိပါတယ်။ လာဘ်ပေး လာဘ်ယူ လုပ်ရင်လည်း ဥပဒေနဲ့ ငြိမှာပါ။ တာဝန်အရ အကြောင်းပြုပြီးတော့ သူက ဥပဒေတစ်ခုခုကို ချိုးဖောက်လိုက်တဲ့အခါမှာ ကျွန်တော်တို့က ဒါဟာ အရေးမယူရဆိုတဲ့ဟာမျိုး ဖြစ်နေပါတယ်။ ဒီတော့ ကျွန်တော်တို့အနေနဲ့ ဒီလိုအဖြစ်မျိုးကို ကျွန်တော်တို့ လွှတ်တော်က ဒါကို ဥပဒေရဲ့ရည်ရွယ်ချက်ကလည်း သမ္မတရဲ့ Security သက်သက်ပဲလို့ ကျွန်တော်တို့ နားလည်ပါတယ်။ ဒါပေမဲ့ ဥပဒေကြမ်းကော်မတီက ဒါလည်းပါတယ်ဆိုတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၃ ကို အားကိုးပြီးတော့ မည်သူမဆို ဆိုတဲ့နေရာမှာ ကျွန်တော်တို့ အရေးယူဆောင်ရွက်လို့ရတယ်။ အခြားနိုင်ငံတွေမှာလည်း သမ္မတတွေတရားစွဲခံထား ရတာတွေရှိတယ်။ တောင်းပန်ရတာတွေရှိတယ်။ ထွက်ပြေးရတာတွေရှိတယ်။ ကျွန်တော်တို့နိုင်ငံမှာမှ သမ္မတကို တရားစွဲဆိုခွင့်မရှိဘူး။ ဒီအကြောင်းပြုပြီးတော့မှ ဖြစ်ပေါ်လာတဲ့ဟာမှာ တရားစွဲဆိုခွင့် မပြုဘူးဆိုတဲ့ သဘောမျိုးရေးထားတဲ့အတွက် ဒါတော့မဖြစ်သင့်ပါဘူး။ ဒီတော့ ဥပဒေကို ပြည့်စုံအောင် ရေးရင်ရေး၊ မရေးရင်တော့ ဒီဥပဒေဟာ သမ္မတကို သီးသန့် Immunity အတွက် သူများ ထက်ပိုပြီးတော့ အပိုဆုပေးထားရာရောက်တဲ့အတွက်နဲ့ ဒါ ကျွန်တော်တို့ လွှတ်တော်က ဒီဥပဒေကို ကျွန်တော့်အနေနဲ့ ပယ်ဖျက်ရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားကို ပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီဥပဒေမှာ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)နဲ့ အခန်း (၄) အပိုဒ် ၁၀ တွေဟာ ဆက်စပ်မှုရှိပါတယ်။ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)ကိုလည်း အတည်ပြုထားပြီး ဖြစ်တဲ့အတွက် ဒီ အခန်း (၄) အပိုဒ် ၁၀ ကို ဒါ ထည့်သွင်းမှသာ ဥပဒေအရ ညီမျှမှာဖြစ်ပါတယ်။ ဒီမှာ ထည့်သွင်းတဲ့နေရာမှာတော့ ကျွန်တော့်အနေနဲ့ စကားရပ်အနည်းငယ် ထပ်မံထည့်သွင်းလိုပါတယ်။ ပြင်ဆင်လိုတဲ့ စာသားကတော့ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူက နိုင်ငံတော်သမ္မတအဖြစ် ထမ်းဆောင်ခဲ့သည့်ကာလအတွင်း တာဝန်အရ ဥပဒေနဲ့အညီ ဆောင်ရွက်ချက်များကို အကြောင်းပြု လျက် ယင်းအား တရားစွဲဆိုခြင်းနှင့် အရေးယူခြင်းမရှိစေရ ဆိုပြီးတော့ ဒီလိုပြင်ဆင်ချင်ပါတယ်။

ဒီနေရာမှာ ဥပဒေနဲ့အညီ ဆိုတဲ့စကားရပ်ကို ထည့်သွင်းဖော်ပြအတည်ပြုသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့သဘောထားကို ပြောပါ။

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာန သဘောထား အနေနဲ့ကတော့ အခုနက အဆိုပြုတင်သွင်းသူရဲ့ တင်ပြချက်မှာပါသလို ကျွန်တော်တို့နားလည်တာ ကတော့ ဒီမှာ နိုင်ငံတော်သမ္မတ တာဝန်ယူထားတဲ့သူသည် နိုင်ငံတော်သမ္မတထမ်းဆောင်စဉ်ကာလ အတွင်း တာဝန် အရဆောင်ရွက်ချက်များကို အကြောင်းပြုလျှက် စကားကို တွေ့ရပါတယ်။ ဒီမှာတော့ ဖတ်သွားတာ ဥပဒေနဲ့ ချိုးဖောက်တာမပါတဲ့အတွက်ကြောင့် တာဝန်အရဆောင်ရွက်ခြင်းများနဲ့ ပတ်သက်ပြီး တရားစွဲဆိုခြင်း၊ အရေးယူခြင်းများ မရှိတာဖော်ပြတဲ့အတွက်ကြောင့် ဒီအဆိုပြုပြဋ္ဌာန်း ချက်ကိုတော့ မူလအတိုင်းပဲထားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားကို ပြောပါခင်ဗျား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီအနေနဲ့ အနည်းငယ်လည်း တင်ပြလိုပါတယ်။ အစောက ပြင်ဆင်တဲ့အဆိုကို တင်သွင်းသွား တဲ့ ကိုယ်စားလှယ်ကြီးပြောသလို ပုဒ်မ ၃၇၃ ကို ရည်ညွှန်းသွားတာ တွေ့ပါတယ်။ အခန်း (၈) နိုင်ငံသားများ၏ မူလအခွင့်အရေးများနဲ့ တာဝန်များအခန်းမှာတော့ ဒီလို မည်သူမဆိုပေးထားတာရှိ ပါတယ်။ အခုဒီမှာ ပြဋ္ဌာန်းတဲ့ ပုဒ်မ ၂၁၅ ကတော့ နိုင်ငံတော်သမ္မတနှင့် သက်ဆိုင်ပါတယ်။ နိုင်ငံတော်သမ္မတဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လည်းကောင်းလို့ပါပါတယ်။ ဥပဒေတစ်ရပ်ရပ်အရ လည်းကောင်းလို့ လည်းပါပါတယ်။ အဲတော့ အခြေခံဥပဒေနဲ့ ဥပဒေတစ်ရပ်ရပ်လည်းကောင်း ပေးထားတဲ့ တာဝန်များကို ဆိုလိုခြင်းဖြစ်ပါတယ်။ အဲဒီက မိမိအားအပ်နှင်းထားသည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မှုလို့ ဆိုလိုပါတယ်။ သို့တည်းမဟုတ် ကျင့်သုံးဆောင်ရွက်သည့် အနေဖြင့် ပြုခဲ့သော ပြုလုပ်မှုအတွက် မည်သည့်လွှတ်တော်၊ မည်သည့်တရားရုံးတွင်မျှ ဖြေရှင်းရန် တာဝန်မရှိစေရ ဆိုပြီးတော့ ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ မှီပြီးတော့မှ အခန်း (၄) ရဲ့အပိုဒ် ၁၀ မှာ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူက နိုင်ငံတော်သမ္မတအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည့် ကာလအတွင်း တာဝန်အရ ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များကို အကြောင်းပြု လျက် ယင်းအား တရားစွဲဆိုခြင်းနှင့် အရေးယူခြင်းတို့ မရှိစေရဆိုတာ ပုဒ်မ ၂၁၅ ကို ရည်ညွှန်းပြီးတော့ ပြဋ္ဌာန်းချက် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ကတော့

**မူကြမ်း**

ပယ်ဖျက်ခြင်းကို သဘောမတူပဲနဲ့ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနက စာသားဖြည့်စွက်ထားတဲ့ အတိုင်း တာဝန်အရ ဥပဒေနဲ့အညီ ဆောင်ရွက်ချက်များဆိုတဲ့ စကားရပ်ကို ဖြည့်စွက်ပြီးတော့ ဥပဒေကြမ်းကော်မတီက လည်း သဘောတူ ပါကြောင်း လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၀ နှင့်စပ်လျဉ်းပြီး မြေပုံ မဲဆန္ဒနယ်မှ ဦးဖေသန်းက ပယ်ဖျက်ရန် ပြင်ဆင်ချက်တင်သွင်းပါတယ်။ ဒါကို မူလအဆိုပြုတဲ့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့က မူလအဆိုပြုချက်အတိုင်းမှာ ပါတဲ့စာသားနေရာမှာ ဥပဒေနဲ့အညီ ဆိုတဲ့ စာသားလေးကို ဖြည့်စွက်တင်ပြသွားတာရှိပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ကတော့ ဘာမှ ပြောင်းလဲမှုမရှိ။ မူလအဆိုလို့ပြောပါတယ်။ မူလအဆိုကလည်းပဲ ဒီအတိုင်းပါပဲ။ ဒီနေရာမှာ စာသားလေးဖြည့်တာပဲ ရှိပါတယ်။ ဒါကို ဥပဒေကြမ်းကော်မတီကို သဘောထားမေးတဲ့အခါမှာလည်း ဥပဒေကြမ်းကော်မတီအနေနဲ့ကလည်း ဒီဟာသည် သမ္မတရဲ့ တာဝန်ထမ်းဆောင်ခဲ့တဲ့သူအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်းပါတဲ့အတိုင်းပဲ ရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်းပဲ ထားသင့် တယ်။ ထားသင့်တယ်ဆိုတဲ့နေရာမှာ အခုနကပြောတဲ့ ဖြည့်စွက်ချက်။ သမ္မတရဲ့တာဝန် ထမ်းဆောင်တဲ့ နေရာမှာ တာဝန်အရ ဥပဒေနဲ့အညီ ထမ်းဆောင်တာ ဆောင်ရွက်ချက်များဖြစ်တဲ့အတွက် ဒီအပိုဒ်ကို ထည့်သင့်ပါတယ်။ မပယ်ဖျက်သင့်ပါဘူးလို့ ဥပဒေကြမ်းကော်မတီကလည်း ပြောဆိုသွားပါတယ်။ တင်ပြသွားပါတယ်။ ဒါကြောင့်မို့လို့ အပိုဒ် ၁၀ နဲ့စပ်လျဉ်းပြီးတော့ ဥပဒေကြမ်းကော်မတီက မပယ်ဖျက်ပဲနဲ့ မူလအဆိုမှာ ဥပဒေနဲ့အညီ ဆောင်ရွက်ချက်ဆိုတဲ့ စကားလုံးဖြည့်စွက်ချက်ကိုပဲ မူတည်ပြီးပြောသွားတာဖြစ်တဲ့အတွက် ဒီနေရာမှာ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကိုရော ဦးတည်ပါမယ်။ အပိုဒ် ၁၀ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ဖြည့်စွက်တင်ပြ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူ ဦးဖေသန်း။ ဒါကတော့ မူလပြင်ဆင်ချက်တင်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူကတော့ ပယ်ဖျက်ဖို့ဆို တော့ သူကတော့သဘောမတူဘူးဆိုတာ သဘာဝကျပါတယ်။ သို့သော်လည်း ဦးဖေသန်းတစ်ယောက် က သဘောမတူတာဖြစ်ပါတယ်။ ကျန်တာက သဘောတူတဲ့သူ အားလုံးဖြစ်နေတဲ့အတွက်။ အားလုံး သဘောတူတဲ့အတွက် အပိုဒ် ၁၀ နဲ့စပ်လျဉ်းပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက် အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၉ နဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့အတွက် မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်းအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဖြူဖြူသင်း(မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်မနေနဲ့ အမှတ်စဉ် ၁၃ အခန်း(၃) အပိုဒ် ၉ အား ကိုယ်ရံတော်ဟာ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ နေအိမ်ပြင်ပသို့ သွားလာသည့်အခါဆိုသည့်စကားရပ်ကို ကျွန်မအနေနဲ့ ပိုမိုတိကျခိုင်မာစေရန်နှင့် လက်ရှိမြန်မာနိုင်ငံအခြေအနေနှင့် ကိုက်ညီမှုရှိစေရန်အတွက် ပြည်တွင်း၌ဆိုတဲ့စကားရပ်ကို အစားထိုးပါတယ်။ ကျွန်မရဲ့ ပြင်ဆင်ချက်ကို လက်ခံပေးနိုင်ပါရန် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားကို ပြောပါခင်ဗျာ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားကို ပြောပါ။

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိပါဘူး။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကို ပြောပါခင်ဗျာ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အနှစ်သာရပိုမိုပြည့်စုံစေပါသဖြင့် သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၉ နှင့်စပ်လျဉ်းပြီး မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်းရဲ့ ပြင်ဆင်ချက်ကို ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပြည်ထောင်စု ဒုတိယဝန်ကြီးများနှင့် ကျွန်တော်တို့ရဲ့ ဥပဒေကြမ်းကော်မတီက သဘောတူကြောင်း တင်ပြသွားပါတယ်။ ဒါကြောင့် အပိုဒ် ၉ နှင့်စပ်လျဉ်းပြီး ဒေါ်ဖြူဖြူသင်းရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အပိုဒ် ၉ နှင့်စပ်လျဉ်းပြီး ဒေါ်ဖြူဖြူသင်း၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦးတို့က ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥပဒေကြမ်းကော်မတီက တင်သွင်းသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ကို ဆောင်ရွက်မှာဖြစ်ပါတယ်ခင်ဗျာ။ ဥပဒေကြမ်းကော်မတီကတင်သွင်းသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ဖြစ်တဲ့ ၃၀-၁၂-၂၀၁၅ ရက်နေ့မှာ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြား

**မူကြမ်း**

ရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများကို ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုင်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ဖို့ကို တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် (၁)ချက်အား ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယားရဲ့ အမှတ်စဉ်(၁) အပိုဒ် ၂ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်းအစားထိုးရမည်။ အပိုဒ် ၉ အပိုဒ်ခွဲ(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။ ယင်း၏သက်တမ်းသည် သုံးကြိမ်ထက်မပိုစေရ။ အပိုဒ်ခွဲ(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် သက်တမ်းသစ်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအသစ်များ ခန့်အပ်တာဝန်ပေးပြီးသည့်အချိန်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကို စနစ်တကျလွှဲပြောင်းပေးရမည်ဆိုသည့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**မူကြမ်း**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အခု ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့မှ အခု အဆိုပြု ပြဋ္ဌာန်းချက်နှင့်ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ အနည်းငယ် ပြင်ဆင်ချက် တင်ပြလိုပါတယ်။ အဲဒါကတော့ အပိုဒ် ၉ အပိုဒ်ခွဲ(က)မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ သက်တမ်းဟာ သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။ ယင်း၏ သက်တမ်းသည် သုံးကြိမ်ထက်မပိုစေရဆိုပြီး သတ်မှတ်ထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၁ ပုဒ်မခွဲ(ဂ)မှာ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ရာထူးသက်တမ်းနှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရဆိုပြီး သတ်မှတ်ထားပါတယ်။ ဒါကြောင့်မို့လို့ ဒီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကိုလည်း သုံးကြိမ်အစား နှစ်ကြိမ်ထက်မပိုစေရဆိုပြီးတော့ ပြင်ဆင်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကို ပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျိုးကြောင်းဆီလျော်ပါသဖြင့် ဥပဒေကြမ်းကော်မတီအနေနဲ့လည်း သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျွန်တော့်အနေနဲ့တော့ ကြားဖြတ်တစ်ခု ကျွန်တော်ကလည်း ဆွေးနွေးတင်ပြချင်ပါတယ်။ သမ္မတ၏ ရာထူးသက်တမ်းနှင့်အညီဖြစ်တယ် ပြောပါတယ်။ ဖွဲ့စည်းပုံအရ ပုဒ်မ ၆၁ အရလည်းပဲ သမ္မတသည် ရာထူးသက်တမ်းနှစ်ကြိမ်ထက်မပိုရလို့ ပြောပါတယ်။ ဒါ သမ္မတအတွက်ကတော့ နှစ်ကြိမ်သက်တမ်းမှန်ပါတယ်။ သို့သော် သမ္မတသက်တမ်းနှစ်ကြိမ်ပြီးသွားလို့ နောက်ထပ် တတိယအကြိမ်မှာ ရောက်လာတဲ့သမ္မတအသစ်ကလည်းပဲ ဒီအုပ်ချုပ်ရေးမှူးရဲ့ ဆောင်ရွက်ချက်ကို သဘောကျလို့များ ဆက်ပြီးတော့ ခန့်ချင်တယ်။ သူ့ရဲ့ဆောင်ရွက်ချက်တွေ ကောင်းတယ်ဆိုခဲ့ရင်ရော သမ္မတသက်တမ်းကတော့ နှစ်ကြိမ်မှန်ပါတယ်။ သူ့မှာတော့ နှစ်ကြိမ်ပဲ ရွေးခွင့်ရှိတယ်။ သို့သော် တတိယအကြိမ်မှာဖြစ်လာမယ့် သမ္မတသည်လည်းပဲ ဒီရပ်ကွက် အုပ်ချုပ်ရေးမှူးကို သဘောကျလို့များ ရွေးချင်ခဲ့တယ်ဆိုရင်ရော မူလအဆိုပြုခဲ့တဲ့အတိုင်းပဲ သုံးကြိမ် ဟာမဖြစ်နိုင်ဘူးလားလို့ မေးကြည့်တာပါ။ ကျွန်တော်ကတော့ မေးမြန်းချင်တာ သက်သက်ပဲ မေးတာပါ။ ကျွန်တော်က ဒါကို ပြင်ဆင်ချက်အဆို တင်သွင်းတာမဟုတ်ပါဘူး။ ဥပဒေကြမ်း

ကော်မတီက သဘောထားလေး ပြန်ပြောပေးပါ။ မနေ့က ပြင်ဆင်ဖို့ ကျွန်တော်တို့ စာရင်းတောင်းထားခဲ့ပြီးပါပြီ။ အချက်ကလေးက တစ်ချက်တည်းမို့လို့။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ တစ်ချက်တည်းကို။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကတော့ နိုင်ငံတော်သမ္မတရဲ့ရာထူးသက်တမ်းကတော့ သူကတော့ တစ်ဆက်တည်းကိုပြောတာပါခင်ဗျ။ ကျွန်တော်တို့ကတော့ ဒီမှာ တစ်ချက်၊ စောစောက ကျွန်တော်ကိုယ်တိုင် နှစ်ကြိမ်ကို သဘောတူတယ်ပြောပေမယ့် စဉ်းစားစရာတစ်ချက်လည်းရှိပါတယ်ခင်ဗျ။ အဲဒီတော့ တကယ်လို့ ဒီ ရပ်ကွက်တစ်ခုမှာရှိတဲ့ ဒီ အုပ်ချုပ်ရေးမှူးကို ရပ်ကွက်ကလည်း ဖွံ့ဖြိုးတိုးတက်တယ်။ ရပ်ကွက်သူ ရပ်ကွက်သားတွေ၊ ကျေးရွာသူ ကျေးရွာသားတွေကလည်း သဘောကျတယ်။ သက်တမ်းကလည်း နှစ်ကြိမ်ပြည့်နေပြီ။ သူကလည်း လုပ်ချင်တယ်။ သူ့မှာလည်း ကျန်းမာရေးကလည်း ကောင်းနေတယ်ဆိုရင်တော့ တစ်ခါလုပ်ခွင့်မရဘဲဖြစ်သွားမှာလည်း တစ်ချက်စိုးပါတယ်။ ပြီးတော့ ကာယကံရှင်အနေနဲ့လည်း တစ်ကြိမ်တည်းနဲ့လုပ်ရင်လည်းရပါတယ်။ နှစ်ကြိမ်လုပ်ချင်လည်းရပါတယ်။ အဲဒီတော့ သူ့အခွင့်အရေးကိုလည်း ဖြစ်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ မူလအတိုင်းထားတာက ပိုပြည့်စုံတယ်လို့ ကျွန်တော် ပြန်လည်ပြင်ဆင်ပြီးတော့ အဆိုပြုပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အခုနက ကျွန်တော်ရဲ့ တင်ပြချက်ကလေးကို ကျွန်တော် အမှားလေးတစ်ချက်ပြင်ဆင်ပါရစေ။ ဒီဟာရွေးထားတာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကျွန်တော့်အမှားပါ။ သမ္မတက ရွေးတာတော့မဟုတ်ပါဘူး။ တကယ်တော့ ပြည်သူလူထုက ရွေးပေးတာပါ။ ဒါကြောင့်မို့လို့ သူ့အနေနဲ့တော့ သူရဲ့သက်တမ်းသည်သာလျှင် သမ္မတ၏ သက်တမ်းနှင့်အညီ ဖြစ်ပါတယ်။ သို့သော်လည်း သူ့ကိုတော့ အခုနက ဥပဒေကြမ်းကော်မတီရဲ့ အတွင်းရေးမှူးကြီး တင်ပြသလိုပဲ သုံးကြိမ်များဆိုရင်ရော ဒါကို ကျွန်တော်တို့က ဆွေးနွေးကြည့်တာပါ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုလည်း ကျွန်တော် ပြန်မေးလိုက်တော့ ဥပဒေကြမ်းကော်မတီကလည်း ဒါဟာသင့်မြတ်တယ်။ အခုနက ပြည်ထောင်စု ဒုတိယဝန်ကြီးကလည်းပဲ လွှတ်တော်ရဲ့သဘောထားဆုံးဖြတ်ချက်အတိုင်းပဲလို့ ပြောတဲ့အတွက် ကျွန်တော် ဥပဒေကြမ်းကော်မတီရဲ့သဘောထားကိုပဲ မူတည်ပြီး မေးပါမယ်။ မုဒုံမြို့နယ်က ဆရာကြီး ဦးမြသိန်းကို ကျွန်တော် လေးစားပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ကျွန်တော်တို့ အခု ဒီမှာ ဆုံးဖြတ်နေတဲ့အခြေအနေလေးဖြစ်နေလို့ မူလက မနေ့ကတည်းက ကျွန်တော် ပြင်ဆင်ချက်တောင်းခဲ့တာပါ။ ဒါကြောင့် ကျွန်တော်တို့ ဒီမှာပဲ ဆက်လက်ပြီးဆောင်ရွက်ဖို့ ခွင့်ပြုပါခင်ဗျာ။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်(၁)ချက် တင်သွင်းပါတယ်။ ဒီနေရာမှာ ဥပဒေကြမ်းကော်မတီက တင်သွင်းထားတာက သုံးကြိမ်ထက်မပိုစေရ။ သို့သော်လည်းပဲ သက်ဆိုင်ရာ ပြည်ထောင်စု ဒုတိယဝန်ကြီးကလည်းပဲ နှစ်ကြိမ်ပဲ သဗ္ဗတသက်တမ်းနှင့်အညီလို့ ပြောသွားပါတယ်။ သို့သော်လည်း အခုနက ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးရဲ့ ပြန်လည်တင်ပြချက်အရ ဒီဟာက တကယ်တမ်းပြောရရင် ရပ်ကွက်ကလည်း ကြိုက်တယ်ဆိုရင် သူ့အနေနဲ့လည်း ဆောင်ရွက်တာ အင်မတန်ကို ကောင်းမွန်တယ်ဆိုရင်တော့ သုံးကြိမ်အထိ ထားရင်လည်း ရပါတယ်လို့ ပြောပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အပေါ်မှာ မူတည်ပြီးတော့ပဲ ကျွန်တော်တို့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ကျွန်တော်တို့ရယူပါမယ်။ ဒီရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယ အကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း ပြင်ဆင်ချက် အချက်(၁)ချက်ကို အတည်ပြုရန်လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူရှိရင် မတ်တပ်ရပ်လိုက်ပါ။ ရေတွက်ရတာခက်ပါတယ်။ ကျွန်တော်တို့မဲနဲ့ပဲ ဆုံးဖြတ်လိုက်ကြရအောင်။ ဆန္ဒမဲပေးဖို့ ဆောင်ရွက်ပါမယ်။ ကျွန်တော်တို့ဆန္ဒမဲနဲ့ပဲ ဆောင်ရွက်ပါမယ်။ မူလကတော့ အခုဆန္ဒမဲနဲ့ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုပြင်ဆင်တင်ပြချက်ကိုပဲ ဦးတည်ထားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ထောက်ခံဆန္ဒမဲများမယ်ဆိုရင် ဥပဒေကြမ်းကော်မတီက တင်ပြတဲ့ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်ပါမယ်။ ကန့်ကွက်ဆန္ဒမဲများရင်တော့ ပြင်ဆင်ချက်အတည်မဖြစ်ဘဲနဲ့ မူလအတိုင်းပဲဖြစ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခု ပြင်ဆင်ချက်သုံးကြိမ်ထက်မပိုစေရဆိုတဲ့ ဥပဒေကြမ်းကော်မတီရဲ့ မူလအဆိုပြုချက်ကိုပြန်ပြောပေးပါ။ နောက်ဆုံးတင်တဲ့ ပြင်ဆင်ချက်ကို ပြန်ပြီးတော့ဖတ်ပြပေးပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အပိုဒ် ၉ (က)မှာ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ရာထူးသက်တမ်းသည်သာမာန်အားဖြင့်

နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။ ယင်း၏သက်တမ်းသည် သုံးကြိမ်ထက်မပို စေရ ဖြစ်ပါတယ်။ အခု လွှတ်တော်ကိုယ်စားလှယ်များရဲ့ တင်ပြချက်ဟာ နှစ်ကြိမ်နဲ့သုံးကြိမ်ကို ဆုံးဖြတ်မယ်လို့ ကျွန်တော်ယူဆပါတယ်ဗျ။ ဟုတ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒါဆိုရင်ကျွန်တော်တို့ ဒီအတိုင်းပဲသွားပါမယ်။ ထောက်ခံဆန္ဒမဲများရင် ဥပဒေကြမ်းကော်မတီက တင်ပြတဲ့အတိုင်းပဲ သုံးကြိမ်ထက်မပိုစေရဖြစ်ပါတယ်။ ကန့်ကွက်ဆန္ဒမဲများ ရင်တော့ ခုနသုံးကြိမ်ဟာမဖြစ်ဘဲနဲ့ နှစ်ကြိမ်ထက်မပိုစေရဆိုတာဖြစ်ပါမယ်။ ဆန္ဒမဲပေးပို့အသင့်ရှိကြ စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆန္ဒမဲပေးလို့ ပြီးပြီဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲက ၆၇ မဲပါ။ ကန့်ကွက်ဆန္ဒမဲက ၂၄၀ မဲပါ။ ကြားနေဆန္ဒမဲ ၃ မဲ ဖြစ်ပါတယ်။ စုစုပေါင်း မဲပေးခွင့်ရှိသူ ၃၅၈ ဦးမှာ ဆန္ဒမဲအရေအတွက်ရရှိတာ ၃၁၀ ဖြစ်ပါတယ်။ ဒီနေရာမှာ ကန့်ကွက်ဆန္ဒမဲဟာ ၂၄၀ ဖြစ်ပါတယ်။ ဒါကြောင့် ကန့်ကွက်ဆန္ဒမဲများတဲ့အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်မှာ ဥပဒေကြမ်းကော်မတီက ပြင်ဆင်တဲ့ သုံးကြိမ်ထက်မပိုစေရမဟုတ်ဘဲနဲ့ နှစ်ကြိမ်ထက်မပိုစေရဆိုတာ ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီက တင်သွင်းတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲ သွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက တင်သွင်းတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ အတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၅)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒီနေ့ဟာ ၂၀၁၅ ရက်နောက်ဆုံးနေ့လည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နှစ်သစ်ကူးတဲ့အခါမှာ ကျွန်တော်တို့ ကိုယ်စားလှယ်များအားလုံး ကျွန်တော်တို့ပျော်ပျော်ရွှင်ရွှင်နဲ့ အောင်အောင်မြင်မြင်နဲ့ နှစ်သစ်ကြီးကို ပျော်ရွှင်စွာ၊ အောင်မြင်စွာ ကြိုဆိုနိုင်ပါစေကြောင်း ကျွန်တော် မေတ္တာပို့ ဆုတောင်းပါတယ်ခင်ဗျာ။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒီလိုညီညွတ်မှုရဲ့စွမ်းအားကိုလည်း ကျွန်တော် ဂုဏ်ယူပါတယ်ခင်ဗျာ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်ကို ထပ်မံကြေညာမှာဖြစ်ပါတယ်။ ယနေ့အစည်းအဝေးကတော့ အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီရှင်။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၁၂း၂၀ နာရီ အချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**